# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

e – paper ဖတ်ရှုရန်


**မိမိကိုယ်ကို ကောင်းစွာစောင့်ရှောက်**

မိမိကိုယ်ကိုချစ်လျှင် (အကုသိုလ် မဖြစ်စေရအောင်၊ ကုသိုလ်ပွားများအောင်) မိမိကိုယ်ကို ကောင်းစွာစောင့်ရှောက်ရာ၏၊ အရွယ်သုံးပါးတို့တွင် (အနည်းဆုံး) တစ်ပါးပါးသော အရွယ်၌ ပညာရှိသော သူသည် မိမိကိုယ်ကို အကုသိုလ်မှ စင်ကြယ်အောင် စောင့်ရှောက်ရာ၏။

အတ္တဝဂ်(ဓမ္မပဒ–၁၅၇)


၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်၊ ကြာသပတေးနေ့။ Thursday, 30 July 2026 ၁၂၂၅၅


**ယနေ့ ဖတ်စရာ**


**မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဒုတိယအကြိမ် လုံးတော်ပြည့် ရောင်တော်ဖွင့် ဆေးသကင်္န်း ကပ်လှူပြီးစီး**
စာမျက်နှာ » ၃

**ဆယ်ကျော်သက်များဆီသို့ - ကျား မ အခြေပြု အကြမ်းဖက်မှုအကြောင်း**
ဆောင်းပါး စာမျက်နှာ » ၆

**နိုင်ငံ၏ ကဏ္ဍအသီးသီးအပေါ် ခြိမ်းခြောက်နေသည့် ငွေကြေးခဝါချမှု**
ဆောင်းပါး စာမျက်နှာ » ၈

**နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် AA အဖွဲ့ဝင် ၂၀ နှင့် PDF အမည်ခံ အဖွဲ့ဝင် ၁၂ ဦးတို့ လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်**
စာမျက်နှာ » ၁၀




ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကိုတွေ့ရစဉ်။

## ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ဘုရားဖူးပြည်သူများဖြင့် စည်ကား

ရန်ကုန် ဇူလိုင် ၂၉

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ၏ နေ့ထူးနေ့မြတ် ဝါဆိုလပြည့်နေ့ (ဓမ္မစကြာအခါတော်နေ့) ဖြစ်သည့်အားလျော်စွာ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဘုရားစေတီပုထိုးများတွင် ဥပုသ်သီတင်းဆောက်တည်ကြသူများ၊ ကုသိုလ်ကောင်းမှုပြုကြသည့် ဘုရားဖူးပြည်သူများဖြင့် စည်ကားခဲ့သည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆




## ဘားအံမြို့၌ ဝါဆို၊ ဝါကပ်တော်မူကြမည့် ဆရာတော်၊ သံဃာတော်၊ သီလရှင် စုစုပေါင်း ၃၂၄၂ ပါးအား ဆွမ်းဆန်စိမ်း လောင်းလှူ

ဘားအံ ဇူလိုင် ၂၉

ဘားအံမြို့၌ ဝါတွင်းကာလ ဝါဆို၊ ဝါကပ်တော်မူကြမည့် ဆရာတော်၊ သံဃာတော်၊ သီလရှင် စုစုပေါင်း ၃၂၄၂ ပါးအား ဆွမ်းကိစ္စ ခက်ခဲပင်ပန်းမှု မရှိစေရန်၊ ပစ္စည်းလေးပါးအဆင်ပြေစေရန်နှင့် ထေရဝါဒဗုဒ္ဓသာသနာတော်ကို အထောက်အပံ့ဖြစ်စေရန် ရည်မှန်း၍ ကရင်ပြည်နယ်အစိုးရအဖွဲ့၊ မြို့မိမြို့ဖများ၊ ဗုဒ္ဓဘာသာနွယ်ဝင် စေတနာရှင်၊ အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်းပြီး ယနေ့ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)တွင် ဆွမ်းဆန်စိမ်းလောင်းလှူကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖


## မုတ်သုံလေ အားကောင်းနေခြင်းကြောင့် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇူလိုင် ၂၉

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များ ဖြစ်ထွန်းမှု အားကောင်းခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ ဩဂုတ် ၃ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊


စာမျက်နှာ ၃ ကော်လံ ၅ သို့ ○


## ကန့်ဘလူမြို့နယ်၌ မြေပဲဧက ၆၁၀၀၀ ကျော် စိုက်ပျိုးပြီးစီး

ကန့်ဘလူ ဇူလိုင် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ပြည်တွင်းစားသုံးဆီ ဖူလုံပိုလျှံစေရေးအတွက် ယခုနှစ်မိုးသီးနှံ စိုက်ပျိုးရာသီအတွင်း တောင်သူများ၏ လယ်ယာမြေများတွင် မြေပဲ ၆၁၀၉၇ ဧက စိုက်ပျိုးနိုင်ခဲ့ကာ လျာထားဧကထက် ၉၆၃၁ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့သည်။

ကန့်ဘလူမြို့နယ်ရှိတောင်သူများသည် မိုးသီးနှံမြေပဲကို သီးသန့်စိုက်ခင်းများဖြင့် လည်းကောင်း၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံများနှင့်ရော၍ ပင်ကြား၊ တန်းကြား သီးညှပ်စိုက်ခင်းများဖြင့် လည်းကောင်း စိုက်ပျိုးကြသည်။ မိုးသီးနှံမြေပဲကို မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာ အများအပြားတွင်


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂




ကြေးမုံ

# နှစ်နိုင်ငံအပြန်အလှန်အကျိုးရှိမည့် စီးပွားရေးဝန်းကျင်ကောင်းဖန်တီး

မြန်မာ-ဂျပန် နှစ်နိုင်ငံချစ်ကြည်ရေး ပိုမိုခိုင်မာစေရန်နှင့် မြန်မာနိုင်ငံ၏ လူမှုစီးပွားကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုအသင်းနှင့် ဂျပန်နိုင်ငံ INGO Peace တို့ ပူးပေါင်းကျင်းပသည့် မြန်မာ- ဂျပန်စီးပွားရေးဖိုရမ်ကို ဇူလိုင်လ ၂၈ ရက်နေ့က မြန်မာကွန်ဗင်းရှင်းစင်တာ(ရန်ကုန်)မြို့၌ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတဦးမင်းအောင်လှိုင်တက်ရောက်အမှာစကားပြောကြားပြီး ဂျပန်နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေး အသိပေးဖိတ်ခေါ်ခဲ့သည်။

ဖိုရမ်တွင် နိုင်ငံတော်သမ္မတက “ယခုဖိုရမ်သည် မိမိတို့နှစ်နိုင်ငံအကြား ရှိရင်းစွဲကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုမြှင့်တင်နိုင်ရန်အတွက် အထောက်အကူပြုမည့် အခြေခံကောင်းတစ်ရပ်ဖြစ်လာမည်ဟု ယုံကြည်ကြောင်း၊ မြန်မာနိုင်ငံ၏ သဘာဝအရင်းအမြစ်၊ စိုက်ပျိုးရေးနှင့် လူငယ်အင်အား၊ လုပ်သားအင်အားစသည့် အားသာချက်များကို ဂျပန်စီးပွားရေးလုပ်ငန်းရှင်များ၏ အဆင့်မြင့်နည်းပညာ၊ အရင်းအနှီးနှင့် စီမံခန့်ခွဲမှုအတွေ့အကြုံ၊ နည်းပညာစသည်တို့နှင့်ပေါင်းစပ်လိုက်မည်ဆိုပါက နှစ်ဖက်အပြန်အလှန် အကျိုးရှိစေမည့်(Win-Win) စီးပွားရေးပတ်ဝန်းကျင်ကို ပိုမိုခိုင်မာအောင် တည်ဆောက်နိုင်မည်ဟု ယုံကြည်ပါကြောင်း” ပြောကြားခဲ့သည်။ ဂျပန်နိုင်ငံအနေဖြင့် မြန်မာနှင့်ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု၊ မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသားများအကြောင်းကို နားလည်သိရှိမှုတို့ကြောင့် ယခုဖိုရမ်မှတစ်ဆင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာမည်ဟုမျှော်လင့်ရသည်။

မြန်မာနိုင်ငံသည် ပထဝီအနေအထားတည်နေရာအရ ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံများဖြစ်သည့် အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ကြီးမားသောဈေးကွက်နှင့် လျင်မြန်စွာတိုးတက်နေသည့် အာဆီယံဒေသတွင်း အချက်အချာကျသည့်နေရာတွင် တည်ရှိနေသည်။ မြန်မာနိုင်ငံသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေခံမြေခံကောင်းများပိုင်ဆိုင်ထားပြီး လူ့စွမ်းအားအရင်းအမြစ်နှင့် သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝသည့်နိုင်ငံဖြစ်သည်။ စိုက်ပျိုးရေးကိုအခြေခံသည့်နိုင်ငံဖြစ်ပြီး ကြွယ်ဝသည့်ရေအရင်းအမြစ်နှင့် အလားအလာကောင်းသည့် မြေလွတ်မြေရိုင်းများစွာရှိသည်။ မတူညီသည့် ရေမြေတောတောင် ဥတုရာသီများရှိပြီး နှစ်ရှည်ပင်များသာမက ဆန်၊ ပဲ၊ ပြောင်း၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ကဲ့သို့ ရာသီသီးနှံများ အလွယ်တကူစိုက်ပျိုးနိုင်သည်။

နိုင်ငံ၏လက်ရှိလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် ဓာတ်မြေဩဇာထုတ်လုပ်ရေး၊ အများပြည်သူသယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်သုံးယာဉ်ထုတ်လုပ်ရေး၊ ဘိလပ်မြေထုတ်လုပ်ရေး၊ သံမဏိထုတ်လုပ်ရေး၊ စိုက်ပျိုးမွေးမြူရေးတန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ရေး၊ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများထုတ်လုပ်ရေး စသည့်လုပ်ငန်းများကို အားပေးဖိတ်ခေါ်လျက်ရှိသည်။ ထို့အပြင် ကုန်ကြမ်းခိုင်မာစွာရှိထားသည့် ရော်ဘာကိုအခြေခံသည့် အဆင့်မြင့်ရော်ဘာထုတ်လုပ်ရေး၊ တာယာနှင့် ပရိဘောဂပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် အားပေးဆောင်ရွက်လျက်ရှိသည်။ အစိုးရအနေဖြင့် ရင်းနှီးမြှုပ်နှံသူများ ပိုမိုရှင်းလင်းခိုင်မာပြီး ပွင့်လင်းမြင်သာသည့် စီးပွားရေးဝန်းကျင်ကောင်းဖန်တီးပေးရန်၊ လုပ်ထုံးလုပ်နည်းများ လွယ်ကူချောမွေ့စေရန် ပြုပြင်ပြောင်းလဲရန်နှင့် သင့်တော်သည့်မူဝါဒများ ပံ့ပိုးကူညီပေးရန် ဆောင်ရွက်လျက်ရှိရာ ဂျပန်စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတွင် ယုံကြည်စိတ်ချစွာ ပါဝင်လုပ်ကိုင်နိုင်သည့်အခွင့်အလမ်းများရှိသည်။

ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံတွင် (၉)နိုင်ငံမြောက် ရင်းနှီးမြှုပ်နှံမှု အများဆုံးနိုင်ငံဖြစ်သည်။ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၈၆၉ ဒသမ ၀၅၆ သန်းတန်ဖိုးရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၁၂၇ ခု လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ဂျပန်ကုမ္ပဏီပေါင်း ၃၀၀ ခန့် လုပ်ငန်းများ လည်ပတ်လျက်ရှိပြီး ဂျပန်နိုင်ငံသားပေါင်း ၁၅၀၀ ကျော် လာရောက်နေထိုင်လုပ်ကိုင်လျက်ရှိသည့်အတွက် နှစ်ဖက်လုပ်ငန်းရှင်များအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ပြည်သူအချင်းချင်း ကူးလူးဆက်ဆံရေးအဆင်ပြေချောမွေ့လျက်ရှိပြီး နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာစေရေးကိုလည်း များစွာအထောက်အကူပြုစေမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတွင် အဓိကလိုအပ်သည့် စွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုကို အလေးထားဖိတ်ခေါ်လျက်ရှိပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လယ်ယာအခြေခံကုန်ထုတ်လုပ်ငန်းများ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်ရေးလုပ်ငန်းများ၊ ပညာရေးနှင့် ကျန်းမာရေး၊ နည်းပညာနှင့် ဒီဂျစ်တယ်ဝန်ဆောင်မှုလုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရန် ဖိတ်ခေါ်လျက်ရှိသည်။

သို့ဖြစ်ရာ ဖိုရမ်သို့ တက်ရောက်လာကြသည့် ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံတွင် တည်ငြိမ်အေးချမ်းပြီး စီးပွားရေးလုပ်ငန်းများ ပုံမှန်လည်ပတ်နေသည်ကို မြင်တွေ့ကြရပြီဖြစ်ရာ လက်ရှိစီးပွားရေးရင်းနှီးမြှုပ်နှံမှုအပြင် နိုင်ငံတော်အစိုးရက ထပ်မံဖိတ်ခေါ်ထားသော အလားအလာကောင်းများရှိပြီးဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ယုံကြည်စိတ်ချစွာ ပါဝင်လုပ်ကိုင်ပြီး နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု သမိုင်းစာမျက်နှာသစ်ကို ဖွင့်လှစ်နိုင်သည့် ခြေလှမ်းသစ်များကို စတင်လုပ်ကိုင်နိုင်ပြီဖြစ်ပါကြောင်း။ ။

အပြည်ပြည်ဆိုင်ရာလူငယ်များနေ့

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်(ဗုဒ္ဓဟူးနေ့)

INTERNATIONAL YOUTH DAY

2026 DIFFERENT CONTEXTS, COMMON ASPIRATIONS

“ Different Contexts, Common Aspirations ”

“ နောက်ခံမတူငြား၊ ရည်မှန်းတူထား၊ လူငယ်အား ”

## ကျောင်းပြင်ပမူလတန်းပညာရေး -NFPE နှင့် ကျောင်းပြင်ပအလယ်တန်းပညာရေး-NFME အတန်းနေရာချထားစစ်ဆေးမှု (Placement Test) အစီအစဉ်

၁။ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပြင်ပသို့ ရောက်ရှိနေသည့်သက်လွန်ကျောင်းပြင်ပရောက်ကျောင်းသားကျောင်းသူများကို ကျောင်းပြင်ပမူလတန်းပညာရေး- NFPE တွင် အသက် ၁၀ နှစ်မှ ၁၆ နှစ်အတွင်းရှိသူများအားလည်းကောင်း၊ ကျောင်းပြင်ပ အလယ်တန်းပညာရေး- NFME တွင် အသက် ၁၃ နှစ်မှ အသက် ၂၁ နှစ်အတွင်းရှိသူများအားလည်းကောင်း အတန်းနေရာချထားစစ်ဆေးမှု (Placement Test)အား အထူးအစီအစဉ်တစ်ရပ်အနေဖြင့်သတ်မှတ်၍ မူဝါဒများနှင့်အညီ စိစစ်လက်ခံသင်ကြားပေးသွားမည်ဖြစ်ပါသည်။

၂။ အတန်းနေရာချထားစစ်ဆေးမှု (Placement Test) ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများသည် ကျောင်းပြင်ပမူလတန်းပညာရေး- NFPE တွင်ဖြစ်စေ၊ ကျောင်းပြင်ပအလယ်တန်းပညာရေး- NFME တွင်ဖြစ်စေ ဖြေဆိုရန်အတွက် ပညာရေးဆိုင်ရာထောက်ခံချက်များ သို့မဟုတ် အရေးပေါ်အခြေအနေကြေညာထားသည့်မြို့နယ်များမှ အမှန်တကယ်ပြောင်းရွှေ့နေထိုင်သူဖြစ်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း၊ အသက်ထောက်ခံချက်နှင့်အတူ မြို့နယ်ပညာရေးမှူးရုံးများတွင် လျှောက်ထားစာရင်းပေးသွင်းရမည် ဖြစ်ပါသည်။

၃။ သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးများက သတ်မှတ်ပေးသောနေရာများတွင် အတန်းနေရာချထားစစ်ဆေးမှု (Placement Test) ကို ၉-၈-၂၀၂၆ ရက်နေ့ (တနင်္ဂနွေနေ့)၌ ဖြေဆိုကြရပါမည်။ (အသေးစိတ်အချက်အလက်များကို သက်ဆိုင်ရာမြို့နယ်နှင့် ခရိုင်ပညာရေးမှူးရုံးများတွင် မေးမြန်းစုံစမ်းနိုင်ပါသည်။)

**ပညာရေးဝန်ကြီးဌာန**

## သာကေတမြို့နယ် ထိပ်တန်းရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၌ ကြက်ဥများ ဈေးနှုန်းချိုသာစွာ ရောင်းချပေး

**သာကေတ ဇူလိုင် ၂၉**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် သမဝါယမအသင်းက အများပြည်သူများ ကြက်ဥများကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရန်အတွက် ယမန်နေ့နံနက်ပိုင်းက ထိပ်တန်းရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်ကုန်မျိုးစုံဆိုင်တွင် ရောင်းချပေးခဲ့သည်။

ထိုသို့ရောင်းချပေးရာတွင် ထိပ်တန်းရောင်းဝယ်ရေး သမဝါယမအသင်းက ကြက်ခြံများမှဝယ်ယူကာ မြို့နယ်အတွင်းရှိ ပြည်သူများအား ကြက်ဥတစ်လုံးလျှင် ကျပ် ၅၅၀ နှုန်းဖြင့် စုစုပေါင်း ကြက်ဥအလုံးရေ ၈၀၀၀ ကို ရောင်းချပေးပြီး ပြည်သူများ လိုအပ်သလောက် ဝယ်ယူနိုင်ရေးအတွက် စနစ်တကျ ဖြန့်ဝေရောင်းချပေးခဲ့သည်။

ထို့ပြင် အဆိုပါ ထိပ်တန်းရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက် အရောင်းဆိုင်တွင် ဒေသခံပြည်သူများအား ကုန်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းနှင့် လျှပ်စစ်ပစ္စည်းများကိုလည်း သက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်(မြန်/ဆက်)** ■

## ၂၉ - ၇ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၆၉၅၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **စာတည်းမှူး** | - အေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - အောင်ကျော်ဦး၊ သန်းတင်အောင်၊ ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | **သုတေသန** | - ဇင်မာဝင့် |
| | | **စာပြင်** | - ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - နီလာစိုးနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



## ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ရွှေကြာသင်္ကန်း ကပ်လှူပူဇော်

**နေပြည်တော် ဇူလိုင် ၂၉**

ပြည်ထောင်စု နယ်မြေ နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား (၁၈)ကြိမ်မြောက် ရွှေကြာသင်္ကန်းကပ်လှူပူဇော်ပွဲကို ယနေ့နံနက် ၉ နာရီတွင် စေတီတော် ရင်ပြင်တော်ပေါ်ရှိ စေတီတော်လိုဏ်အတွင်း ကျင်းပသည်။

ရွှေကြာသင်္ကန်း ကပ်လှူပူဇော်ပွဲတွင် အရှေ့အရပ်ရှိ မဟာမဏိမယ ဂေါတမဗုဒ္ဓပဋိမာဗုဒ္ဓရုပ်ပွားတော်ကို သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်ကလည်းကောင်း၊ တောင်အရပ်ရှိ ကကုသန္ဓ ဗုဒ္ဓရုပ်ပွားတော်ကို နေပြည်တော် ကောင်စီဝင် ဦးထွန်းထွန်းက လည်းကောင်း၊ အနောက်အရပ်ရှိ ကောဏာဂမန ဗုဒ္ဓရုပ်ပွားတော်ကို ဒုတိယဝန်ကြီး ဦးလင်းအောင်က လည်းကောင်း၊ မြောက်အရပ်ရှိ ကဿပဗုဒ္ဓရုပ်ပွားတော်ကို အမြဲတမ်းအတွင်းဝန်က လည်းကောင်း ရွှေကြာသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြပြီး ဧည့်ပရိသတ်များနှင့်အတူ ဗုဒ္ဓရုပ်ပွားတော် လေးဆူအား ဆွမ်း၊ သစ်သီး၊ ပန်းနှင့် ရေချမ်းတို့ ကပ်လှူပူဇော်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဒုတိယအကြိမ် လုံးတော်ပြည့်ရောင်တော်ဖွင့် ဆေးသင်္ကန်း ကပ်လှူပြီးစီး

**နေပြည်တော် ဇူလိုင် ၂၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ဦးဆောင်သော ဘုရားဒါယကာ ဒါယိကာမများ တည်ထားပူဇော်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ယခုအခါ လုံးတော်ပြည့်ရောင်တော်ဖွင့် ဆေးသင်္ကန်း ဒုတိယအကြိမ် ကပ်လှူပြီးစီးပြီဖြစ်သည်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဒုတိယအကြိမ် လုံးတော်ပြည့် ရောင်တော်ဖွင့် ဆေးသင်္ကန်း ကပ်လှူပြီးစီး အောင်မြင်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်ရာ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်း ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုနယ်မြေနေပြည်တော် ပုဗ္ဗသီရိမြို့နယ် သီရိမင်္ဂလာဝဲကြီး ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ အာဒိစ္စဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက် ချီးမြှင့်တော်မူကြပြီး သံဃာတော် အရှင်သူမြတ်တို့က အခမ်းအနား အစီအစဉ်အတိုင်း မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်း ပူဇော်ကြသည်။

အခမ်းအနား အပြီးတွင် ကြွရောက် ချီးမြှင့်ကြသည့် ဆရာတော်၊ သံဃာတော်များကို နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ နေပြည်တော်ကောင်စီဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့အတူ ရုပ်ပွားတော်မြတ်ကြီးအား မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်း၊ ဆီမီးနှင့် ရွှေကြာသင်္ကန်းတော်တို့ကို ဆက်ကပ်လှူဒါန်း ပူဇော်ခဲ့ကြသည်။

**သတင်းစဉ်**



**❖ ဘားအံမှ**

ယနေ့ မွန်းလွဲ ၁ နာရီက ဘားအံမြို့ ကျက်သရေဆောင် သေဋ္ဌမာရ်အောင်ဘုရားကြီး၌ အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို အကြိမ် (၃၀) မြောက်အဖြစ် ကျင်းပခဲ့ခြင်းဖြစ်ပြီး ဘားအံမြို့ပေါ်နှင့် ပတ်ဝန်းကျင်မှ ဘုန်းတော်ကြီးကျောင်း ၇၈ ကျောင်း၊ သီလရှင်ကျောင်း ၂၀ တို့မှ သံဃာတော်၊ သာမဏေ၊ သီလရှင် စုစုပေါင်း ၃၂၄၂ ပါးတို့အတွက် ဆွမ်းဆန်အပြင် ဆီ၊ ဆေး၊ ဆား၊ ခေါက်ဆွဲခြောက် အစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများကို လောင်းလှူခဲ့ကြကြောင်း သိရသည်။

အဆိုပါ လောင်းလှူပွဲသို့ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများလည်း တက်ရောက်လောင်းလှူကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**☆ ရွှေဖုံးမှ**

ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)အခမ်းအနားများအဖြစ် ရွှေတိဂုံစေတီတော်မြတ်ကြီးအား အရုဏ်ဆွမ်းတော်ကြီး ဆက်ကပ်ပူဇော်ပွဲ၊ ရွှေကြာသင်္ကန်း လှည့်လည်ပူဇော်ပွဲ၊ သီလခံယူပွဲတို့ကို ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူး၍ ယနေ့နံနက် ၅ နာရီမှ စတင်ကာ စေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာများတွင် ကျင်းပခဲ့သည်။

အခမ်းအနားများကို ဘုရားဖူးပြည်သူများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေး ဝတ်အသင်းအဖွဲ့များ၊ အလှူရှင်များနှင့်အတူ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများလည်း တက်ရောက်ကြည်ညိုပူဇော်ကြပြီး စေတီတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးဆွမ်းများ၊ ဝါဆိုရွှေကြာသင်္ကန်းတော်များ၊ အလှူတော်ငွေများ ကပ်လှူပူဇော်ကြသည်။



သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၌ ဘုရားဖူးများ စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

အလားတူ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်၊ ဆူလေးစေတီတော်၊ လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား)၊ စွယ်တော်မြတ်စေတီတော် (ရန်ကုန်)၊ ရွှေဟောင်းသမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်၊ ဆုတောင်းပြည့် မယ်လမုစေတီတော်၊ ငါးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရား၊ ကိုးထပ်ကြီးဘုရားနှင့် တိလောကဥဿျှောင်မုနိ ရာဇအောင်မြေသဗ္ဗညုပုထိုးတော်ကြီး (ရန်ကုန်)တို့တွင် သက်ဆိုင်ရာ စေတီတော် ဂေါပကအဖွဲ့ဝင်များက ကြီးမှူး၍ ဩဝါဒါစရိယဆရာတော်ကြီးများထံ ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းခြင်း၊ ဝါတွင်းကာလ သီလခံယူခြင်း၊ အလှူရှင်များက စတုဒိသာကျွေးမွေးခြင်းတို့ အပါအဝင် ကုသိုလ်ပြုအစီအစဉ်များကို ဆောင်ရွက်ကြပြီး ပြည်သူများက အေးချမ်းစွာ ကုသိုလ်ပြု ပါဝင်ခဲ့ကြသည်။

ထို့ပြင် ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ရန်ကုန်မြို့ရှိ ဘုရားစေတီများကို အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ လာရောက်ဖူးမြော်ကြည်ညိုကြသည့်အတွက် ဘုရားစေတီများတွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားများပြားခဲ့သည်။

**သတင်းနှင့် ဓာတ်ပုံ ဇော်မင်းလတ်(MNA)**

**○ မုတ်သုံလေမှ**

ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

အကြံပြုချက်

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များ ဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့် လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက် ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများ အနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

**❂ ကန့်ဘလူမှ**

ဇူလိုင်လလယ်အတွင်း စိုက်ပျိုးပြီးစီးခဲ့ပြီး အဆိုပါသီးနှံများ ရိတ်သိမ်းပြီးချိန်တွင် ဆောင်းသီးနှံများကို ဆက်လက်စိုက်ပျိုးမည်ဖြစ်သည်။

မြေပဲသီးနှံစိုက်ခင်းများ စနစ်တကျ စိုက်ပျိုးနိုင်ရေး ဒေသနှင့်ကိုက်ညီသည့် မြေပဲမျိုးများ ရွေးချယ်စိုက်ပျိုးနိုင်ရေး သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ စနစ်တကျသုံးစွဲနိုင်ရေးနှင့် စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေးတို့အတွက် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ကွင်းဝန်ထမ်း တာဝန်ရှိသူများက တောင်သူများနှင့် ပူးပေါင်း၍ နည်းပညာများ ကူညီပံ့ပိုးပေးခြင်း၊ မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထောက်ပံ့ပေးခြင်းနှင့် သွင်းအားစုများထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိ သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ပညာရေးဒီဂရီကောလိပ်များတွင် စိတ်ဓာတ်၊ စည်းကမ်း၊ ပညာနှင့် ပြည့်ဝသောဆရာများ လေ့ကျင့်မွေးထုတ်ပေးလျက်ရှိ

**ရန်ကုန် ဇူလိုင် ၂၉**

ပညာရေးဒီဂရီကောလိပ်များတွင် စိတ်ဓာတ်၊ စည်းကမ်း၊ ပညာနှင့် ပြည့်ဝသောဆရာများ ဖြစ်အောင် လေ့ကျင့်မွေးထုတ်ပေးလျက်ရှိသကဲ့သို့ ယခုတက်ရောက်နေသော ဆရာ ဆရာမလောင်းများကလည်း သင်တန်းပြီးဆုံး၍ မိမိတာဝန်ကျရာဒေသများ၌ တာဝန်ထမ်းဆောင်ကြရာတွင် ကျောင်းသား ကျောင်းသူများအား စိတ်ဓာတ်၊ စည်းကမ်း၊ ပညာပြည့်ဝသော လူတော်လူကောင်းများဖြစ်အောင် လေ့ကျင့်သင်ကြားပေးရန် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က ယနေ့ ဟားခါးပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံစဉ် တိုက်တွန်းမှာကြားသည်။



ပညာသင်ယူမှု အခွင့်အလမ်းမဆုံးရှုံးစေရန်နှင့် နိုင်ငံတော်အတွက် လိုအပ်လျက်ရှိသော ဆရာ ဆရာမများ မွေးထုတ်ပေးနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတွင် ယာယီဖွင့်လှစ်ထားသော ဟားခါးပညာရေးဒီဂရီကောလိပ်ကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ယင်းသို့မှာကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါကောလိပ်သို့ရောက်ရှိစဉ် ပြည်ထောင်စုဝန်ကြီးက ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ငွေပေးအပ်ခဲ့သည့်အပြင် ကောလိပ်စာသင်ဆောင်နှင့် စားဖိုဆောင်များကိုလည်း ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်နှင့်အတူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရှိ ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဆရာ ဆရာမများ၊ တာဝန်ရှိသူများနှင့် သွားရောက်တွေ့ဆုံဆွေးနွေးပြီး တက္ကသိုလ် သန့်ရှင်းသာယာလှပရေးဆောင်ရွက်နေမှု၊ သင်ကြားရေးဇုန်၊ စီမံခန့်ခွဲရေးဇုန်၊ လူနေဇုန်၊ အားကစားဇုန်နှင့် စားသောက်ဆိုင်ခန်းများနှင့် ပတ္တမြားအဝိုင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ-ဂျပန် နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံ

**ရန်ကုန် ဇူလိုင် ၂၉**

မြန်မာ-ဂျပန် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် မိုးကောင်းလမ်းရှိ မြဝတီမီဒီယာစင်တာ၌ ကျင်းပသည်။



အဆိုပါ တွေ့ဆုံပွဲကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည် ညီညွတ်ရေးအဖွဲ့က ကြီးမှူးကျင်းပခြင်းဖြစ်ပြီး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးတင်ကိုကို၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝဏ္ဏ၊ ဂျပန်နိုင်ငံ INGO peace ဥက္ကဋ္ဌ Mr. Nakazawa Hiroyuki တို့လည်း တက်ရောက်ကြသည်။

အဆိုပါ ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအဖွဲ့သည် ညနေပိုင်းတွင် ရွှေတိဂုံစေတီတော်ကို သွားရောက် ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြသည်။

**သတင်းစဉ်**

# မြဝတီမြို့၌ KG၊ မူလတန်းကျောင်းသား ကျောင်းသူများအား အာဟာရဖြည့်အစားအစာများ ကျွေးမွေးလှူဒါန်း

**မြဝတီ ဇူလိုင် ၂၉**

ကရင်ပြည်နယ် မြဝတီမြို့နယ် အမှတ်(၂)ရပ်ကွက်ရှိ အမှတ် (၂) အခြေခံပညာအလယ်တန်းကျောင်းတွင် ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူကလေးများ၏ ကိုယ်ခန္ဓာဖွံ့ဖြိုးမှု၊ ဉာဏ်ရည်ဖွံ့ဖြိုးမှု၊ ဉာဏ်ရည်တိုးတက်မှု၊ သင်ယူမှုစွမ်းအား တိုးတက်လာမှုနှင့် ကျန်းမာရေးကောင်းမွန်စေရန် ရည်ရွယ်၍ ယမန်နေ့နံနက် ၁၀ နာရီက ဖြည့်စွက်အာဟာရများကို ကျွေးမွေးလှူဒါန်းသည်။

အဆိုပါ အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်းရှိ KG ကျောင်းသား ကျောင်းသူ ၆၆ ဦး၊ Grade (1) ကျောင်းသား ကျောင်းသူ ၇၃ ဦး စုစုပေါင်း ၁၃၉ ဦးတို့အား ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အလှူရှင်များ ပူးပေါင်း၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားသတ်မှတ်ထားသည့် အာဟာရဖြည့်အစားအစာများဖြစ်သည့် နွားနို့၊ ငှက်ပျောသီးတို့ကို ကျွေးမွေးလှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ဆောင်းနှင်းဖြူ(ပြန်/ဆက်)**



# ဗိုလ်တထောင်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

**ရန်ကုန် ဇူလိုင် ၂၉**

ရန်ကုန် တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို ဇူလိုင် ၂၈ ရက် မွန်းလွဲပိုင်းက အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်ကျောင်း ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။



**အမှာစကား ပြောကြား**

ဦးစွာ ဗိုလ်တထောင်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဆောင်က အမှာစကား ပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကို ကျင်းပရာ စီးပွားရေးနှင့်ဘဏ္ဍာရေးဘာသာရပ်အထူးပြု စတုတ္ထနှစ်ကျောင်းသူ မသွန်းနှင်းရတနာက လူငယ်နှင့်ယဉ်ကျေးမှု၊ လုပ်ငန်းခွင်သုံး အင်္ဂလိပ်စာဘာသာရပ်အထူးပြု စတုတ္ထနှစ် ကျောင်းသူ မခိုင်ဇင်သက်က လူငယ်နှင့်စာပေ၊ ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှုစီမံခန့်ခွဲမှုပညာဘာသာရပ် အထူးပြု တတိယနှစ် ကျောင်းသား မောင်ဉာဏ်မင်းမောင်က လူငယ်နှင့် နည်းပညာ၊ စီးပွားရေးလုပ်ငန်းသုံး စီမံခန့်ခွဲမှုပညာ အထူးပြုဘာသာရပ်စတုတ္ထနှစ်ကျောင်းသား မောင်ဖြိုးမင်းခန့်က လူငယ်နှင့်အားကစား၊ သတင်းအတတ်ပညာဘာသာရပ်အထူးပြု တတိယနှစ် ကျောင်းသား မောင်မင်းသန့်ထွဋ်က လူငယ်နှင့်မူးယစ်ဆေးဝါး ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြကြောင်း သိရသည်။

**ခင်ဝင်း(ပြန်/ဆက်)**

# ဖျာပုံမြို့နယ်၌ ကျေးရွာမြေငှားဂရန် ပေးအပ်

**ဖျာပုံ ဇူလိုင် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ချောင်းတွင်းကျေးရွာအား ကျေးရွာမြေငှားဂရန် ပေးအပ်ပွဲကို ဇူလိုင် ၂၈ ရက် နံနက် ၁၀ နာရီက ဖျာပုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ဖျာပုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်လွင်ဦးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ဖျာပုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်လွင်ဦး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ခင်ဝေ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းနှင့် တာဝန်ရှိသူများက ချောင်းတွင်းကျေးရွာရှိ အိမ်ထောင်စု ၅၀ ၏ မြေငှားဂရန်များအား ပြည်သူများ၏ လက်ဝယ်သို့ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဒလမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်ပေးအပ်

**ရန်ကုန် ဇူလိုင် ၂၉**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒလမြို့နယ်ဦးစီးမှူးရုံးက ကွင်းဆင်းဆောင်ရွက်ပေးခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်ပေးအပ်ပွဲကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သီရိဇေယျနော်ရထာခန်းမ၌ ကျင်းပသည်။



**အမှာစကားပြောကြား**

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအတွင်းရေးမှူး ရဲမှူးဇော်မျိုးထွန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအတွင်းရေးမှူးနှင့်အဖွဲ့ဝင်များက နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်များကို ကျောင်းသား ကျောင်းသူများ လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခင်စန္ဒာမြင့်(ပြန်/ဆက်)**



# အသက်(၁၀)နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ် မရရှိသေးသည့် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ထုတ်ပေး

နေပြည်တော် ဇူလိုင် ၂၉

ကျိုင်းတုံမြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ အသက်(၁၀)နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ် မရရှိသေးသည့် ကျောင်းသား ကျောင်းသူများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကျိုင်းတုံမြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ယမန်နေ့က နိုင်ငံသားစိစစ်ရေးကတ်နှင့် UID များထုတ်ပေးခြင်းလုပ်ငန်းကို လမင်းစီမံချက်ဖြင့် နေ့ချင်းပြီး (One Stop Service)ဖြင့် ဆောင်ရွက်ပေးကြရာ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ မိဘဆရာအသင်းဝင်များကလည်း ပါဝင်ကူညီဆောင်ရွက်ပေးကြသည်။

ထိုသို့ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID များထုတ်ပေးခြင်းလုပ်ငန်းဆောင်ရွက်မှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ကြည့်ရှုအားပေးပြီး ဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားကတ်နှင့် UID များတို့ကို ကာယကံရှင် ကျောင်းသား ကျောင်းသူတစ်ဦးချင်းထံ ပေးအပ်ကာ မြို့နယ်ရုံးမှဝန်ထမ်းများအား ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒုတိယပြည်နယ်ခွဲ ဦးစီးမှူးရုံးအစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ရှိ ခရိုင်နှင့် မြို့နယ်ဦးစီးမှူးရုံးများမှ ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးပြီး ဝန်ထမ်းများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း အသက်(၁၁၈)နှစ်ရှိ အဘွား ဒေါ်ဖာတမာအား သွားရောက်ဂါရဝပြုတွေ့ဆုံ

တောင်ငူ ဇူလိုင် ၂၉

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တောင်ငူခရိုင် ရေတာရှည်မြို့နယ် မြို့လှမြို့ အမှတ်(၅)ရပ်ကွက်တွင် နေထိုင်လျက်ရှိသော အသက်(၁၁၈)နှစ်ရှိ အဘွား ဒေါ်ဖာတမာအား ဇူလိုင်၂၈ ရက် နံနက်ပိုင်းက သွားရောက်ဂါရဝပြုတွေ့ဆုံပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ အဘွား ဒေါ်ဖာတမာ၏ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန အိမ်ထောင်စု လူဦးရေစာရင်းပုံစံ (၆၆/၆)နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် သက်သေခံကတ်ပြားတို့တွင် မှတ်တမ်းတင်ထားသည့် မွေးသက္ကရာဇ်မှာ ၂၃-၂-၁၉၀၉ ရက်ဖြစ်ပြီး အဘ ဦးနဘာအာလီနှင့် မိခင် ဒေါ်အမာတို့က ရေတာရှည်မြို့နယ် သာဂရမြို့ ငါးခုံးမ ချောင်းကျေးရွာတွင် မွေးဖွားခဲ့ကြသည်။

အဘွား ဒေါ်ဖာတမာအား ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် အသက် (၁၀၀)နှစ်ပြည့်ကြောင်း ချီးမြှင့်သည့် ဂုဏ်ပြုမှတ်တမ်းလွှာကို နိုင်ငံတော်သမ္မတက ၂၃-၇-၂၀၁၅ ရက်တွင် ပေးအပ်ခဲ့ပြီးဖြစ်ကာ ယခုအခါ ရေတာရှည်မြို့နယ် မြို့လှမြို့ ချောင်းမကြီး (၂)ရပ်ကွက်တွင် နေထိုင်လျက်ရှိပြီး မြေး ၄၈ ဦး၊ မြစ် ၈၄ ဦး၊ တီ ၁၈ ဦးရှိသည်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် မြေပြင်စာရင်းများအရ တောင်ငူခရိုင်အတွင်း၌ အသက်(၁၀၀)နှစ်နှင့်အထက် ဘိုးဘွားဦးရေ ၅၉ ဦးရှိခဲ့ရာမှ ၂၀၂၆ ခုနှစ် ဇွန်လတွင် တောင်ငူခရိုင်အတွင်း အသက်(၁၀၀)နှစ်နှင့်အထက် ဘိုးဘွား ၄၂ ဦးရှိကြောင်း သိရသည်။ **သတင်းစဉ်**

# တရုတ်တက္ကသိုလ်များနှင့် မြန်မာတက္ကသိုလ်များအကြား ညီအစ်မတက္ကသိုလ်များထူထောင်၍ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၉

တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ကွေ့ကျိုးပြည်နယ် ကွေ့ရမ်မြို့၌ ကျင်းပမည့် ၂၀၂၆ ခုနှစ် တရုတ်-အာဆီယံပညာရေး ပူးပေါင်းဆောင်ရွက်ရေး ရက်သတ္တပတ် အခမ်းအနား တက်ရောက်ရန် ရောက်ရှိနေသော ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Ren Youqun နှင့် ဇူလိုင် ၂၈ ရက်တွင် တွေ့ဆုံပြီး အဆင့်မြင့်ပညာကဏ္ဍ၌ နည်းပညာပူးပေါင်းဆောင်ရွက်ရေး၊ ဒီဂျစ်တယ်နည်းပညာသုံး သင်ကြားရေး၊ ဆရာအတတ်ပညာ ကဏ္ဍနှင့် ဘာသာရပ်အသီးသီးတွင် ပညာတော်သင်ဆုများ ပိုမိုပေးအပ်ရေး၊ တရုတ်တက္ကသိုလ်များနှင့် မြန်မာတက္ကသိုလ်များအကြား ညီအစ်မတက္ကသိုလ်များ ထူထောင်၍ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ တရုတ်-မြန်မာ ဉာဏ်ရည်တုနည်းပညာနှင့် ဒီဂျစ်တယ်ပညာရေးစင်တာ တည်ထောင်မှုဖြစ်နိုင်ခြေလေ့လာရေးအစရှိသည့် ပညာရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် အဖွဲ့သည် Guizhou Minzu University (ကွေ့ကျိုးမင်ဇုတက္ကသိုလ်) ၏ ပါတီကော်မတီ အတွင်းရေးမှူး Mr. Guofu Lyu နှင့် အဖွဲ့အား တက္ကသိုလ်ဧည့်ခန်းမတွင် တွေ့ဆုံကာ ဆရာအတတ်ပညာနှင့် ဘာသာစကား သင်ကြားရေးနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပြီး တက္ကသိုလ်အတွင်း လှည့်လည်လေ့လာခြင်း၊ Guizhou University (ကွေ့ကျိုးတက္ကသိုလ်)၌ တက္ကသိုလ်၏ ပါတီကော်မတီ ဒုတိယအတွင်းရေးမှူး ပါမောက္ခချုပ် Mr. Zou Weiwen နှင့်အဖွဲ့အား တွေ့ဆုံကာ သတင်းအချက်အလက် နည်းပညာ၊ ဉာဏ်ရည်တုနည်းပညာ၊ Big Data၊ AI+ နယ်ပယ်အသီးသီး ပေါင်းစည်း ဖန်တီးမှုများတွင် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးကာ တက္ကသိုလ်သိပ္ပံနည်းပညာ ဥယျာဉ်နှင့် Smart Classrooms များကို လှည့်လည်ကြည့်ရှုလေ့လာခြင်း၊ ညနေပိုင်းတွင် ကွေ့ကျိုးပြည်နယ် CPC အမြဲတမ်းကော်မတီဝင် Mr. Lu Yongzheng နှင့် အဖွဲ့အား တွေ့ဆုံကာ ကွေ့ကျိုးပြည်နယ် တက္ကသိုလ်များသို့ ပညာတော်သင်များ ပိုမိုစေလွှတ်ရေး၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အခြေခံပညာကျောင်းများအတွက် နည်းပညာအကူအညီရရှိရေးကိစ္စရပ်များကို ဆွေးနွေးခြင်းများ ဆောင်ရွက်ပြီး ကွေ့ကျိုးပြည်နယ် ပါတီကော်မတီဝင်က အာဆီယံကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များအား တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# ဒေါပုံမြို့နယ်၌ ကျောင်းကျန်းမာရေးစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်

ဒေါပုံ ဇူလိုင် ၂၉

ဗိုလ်တထောင်ခရိုင် ဒေါပုံမြို့နယ်တွင် ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းနှင့် ကျောင်းကျန်းမာရေးစစ်ဆေးခြင်း လုပ်ငန်းများကို ဇူလိုင် ၂၇ ရက်က အမှတ်(၇) အခြေခံပညာ မူလတန်းကျောင်း၌ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမျိုးမျိုးခိုင်နှင့် ဝန်ထမ်းများက တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထူးထက်နှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မေဇင်ဖြိုးနှင့် အဖွဲ့ဝင်များ၏ ပူးပေါင်းမှုဖြင့် ကျောင်းတွင်းအာဟာရကျွေးမွေးခြင်း၊ ကျောင်းကျန်းမာရေး စစ်ဆေးခြင်းလုပ်ငန်းများဖြစ်သည့် အစာမစားမီ လက်ဆေးခြင်း၊ သွားတိုက်ခြင်းတို့ကို လက်တွေ့သရုပ်ပြခြင်း၊ ပဏာမ မျက်စိစောင့်ရှောက်မှုပေးခြင်းနှင့် KG ကျောင်းသားကျောင်းသူများအား ပေါင်ချိန်ခြင်း၊ အရပ်တိုင်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးခြင်းများကို ဆောင်ရွက်ခဲ့ကြပြီး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။



**ချစ်စုဝေ(ပြန်/ဆက်)**

# ထားဝယ်မြို့နယ်၌ မျိုးစပါးနှင့် သွင်းအားစုများ ပေးအပ်

ထားဝယ် ဇူလိုင် ၂၉

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်တွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မြို့နယ်အတွင်းရှိ သမဝါယမအသင်းသားတောင်သူများအတွက် မျိုးစပါးနှင့် သွင်းအားစုများ ပေးအပ်ခြင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အဆင့် မိုးစပါး စိုက်ပျိုးရေးစီမံကိန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမိုးအောင်က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝါဝါလွင်က မြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးထားသည့် အသင်းသားတောင်သူများအတွက် မျိုးစပါးနှင့် သွင်းအားစုများ ပေးအပ်ခြင်းနှင့်ပတ်သက်၍ ဆွေးနွေးသည်။

ဆက်လက်၍ ထားဝယ်မြို့နယ်အတွင်းရှိ သမဝါယမအသင်းလေးသင်း၊ အသင်းသားတောင်သူ ၂၅ ဦး၏ လယ်ဧက ၁၄၀၀ အတွက် ငွေကျပ်သိန်း ၃၅၀၀ နှင့် ညီမျှသော မျိုးစပါးနှင့် သွင်းအားစုများကို အသင်းသားလက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆယ်ကျော်သက်များဆီသို့ - ကျား မ အခြေပြု အကြမ်းဖက်မှုအကြောင်း

**နန္ဒဝင်း (ဆေး-၁)**

တူ တူမလေးတို့ရေ – ဒီနေ့ ဦးဦးတို့ ဆွေးနွေးကြမယ့် စကားဝိုင်းကတော့ **"ကျား မ အခြေပြု အကြမ်းဖက်မှု"** အကြောင်းပဲ ဖြစ်ပါတယ်။

ကျား မ အခြေပြု အကြမ်းဖက်မှုဆိုတာ ဘာလဲ။ **ကျား မ မတူညီခြင်းပေါ် အခြေပြုပြီး တစ်စုံတစ်ယောက်ကို နာကျင်နစ်နာစေတယ်**ဆိုရင် ကျား မ အခြေပြု အကြမ်းဖက်မှုပါပဲ။

ဘာတွေပါသလဲ ဆိုလို့ရှိရင် လူတစ်ဦးရဲ့ ကိုယ်ခန္ဓာကို တွန်းတာ၊ ရိုက်တာ၊ နာကျင်စေတာ၊ အရှက်ခွဲတာ၊ မကြားဝံ့ မနာသာ ဆဲဆို ပုတ်ခတ်ပြောဆိုတာ၊ ခြိမ်းခြောက်တာ၊ တစ်စုံတစ်ယောက်ရဲ့ တယ်လီဖုန်းနဲ့ အချက်အလက်တွေ၊ ပတ်သက်ဆက်နွှယ်မှု၊ လှုပ်ရှားဆောင်ရွက်မှုတွေကို ကန့်သတ်တာ၊ တစ်စုံတစ်ယောက်ကို အတင်းအဓမ္မလက်ထပ်ခိုင်းတာ၊ ပတ်သက်ခိုင်းတာ၊ တစ်စုံတစ်ယောက်ရဲ့ ခေတ်ပုံကို ခွင့်ပြုချက်မရဘဲ အများကိုမျှဝေတာ ဒါတွေအားလုံး ပါတာပေါ့ကွယ်။

ဟာ ဒါတွေဟာ ဝတ္ထုတွေ ရုပ်ရှင်တွေမှာသာ ဇာတ်လမ်းအဖြစ် ရှိတာပါ။ ရှိမယ်ဆိုရင်တောင် အတော်ပြဿနာများတဲ့ မိသားစုတွေမှာ၊ ဟိုးအဝေးက မိသားစုတွေမှာသာဖြစ်တာပါ။ တို့ပတ်ဝန်းကျင်မှာ မရှိပါဘူးလို့ မထင်လိုက်ကြပါနဲ့။ ဒါတွေဟာ နေရာတိုင်းမှာ ဖြစ်နိုင်ပါတယ်။ အိမ်မှာ၊ ကျောင်းမှာ၊ ရပ်ရွာထဲမှာ၊ ဦးဦးတို့ရဲ့ တူ တူမလေးတို့ရဲ့ အသိတွေထဲမှာ အချိန်မရွေး နေရာမရွေး ဖြစ်သွားနိုင်ပါတယ်။

**တစ်ဦးပေါ်တစ်ဦး လေးစားမှုမရှိဘူးဆိုရင်**

ဒီနေရာမှာ တူ တူမလေးတို့ကို တစ်ခု သတိထားဖို့ မှာကြားချင်ပါတယ်။ အကြမ်းဖက်မှုတွေရဲ့ အစဟာ နာကျင်စေလိုမှု မဟုတ်ပါဘူး။ **လေးစားမှုမရှိတဲ့ ခံယူချက်က အစ**ဆိုတာပါပဲ။ ဦးဦးတို့ တူ တူမလေးတို့အပါအဝင် လူသားတွေဟာ အသက်အရွယ် ကျား မ လူမျိုး ယုံကြည်ကိုးကွယ်မှုမရွေး တစ်ဦးကိုတစ်ဦး လေးစားမှုရှိရပါမယ်။ တစ်ဦးပေါ်တစ်ဦး လေးစားမှုမရှိဘူးဆိုရင် အကြမ်းဖက်မှုတွေဖြစ်လာဖို့ အကြောင်းရင်းရှိနေတာပါပဲ။

တူ တူမတို့လို ဆယ်ကျော်သက် လူငယ်တွေဆီမှာ ဒီအကြမ်းဖက်မှုဆိုတဲ့ ဖြစ်ရပ်ဆိုးကြီးကို တားဆီးနိုင်တဲ့ စွမ်းအားတွေရှိနေပါတယ်။ အဲဒါကတော့ အပြန်အလှန်လေးစားမှုကို မိမိတို့ နေ့စဉ်ဘဝမှာ လက်ခံကျင့်သုံးဖို့ပါပဲ။ အိမ်တိုင်း၊ ကျောင်းတိုင်း၊ ရပ်ကွက်တိုင်းမှာ အချင်းချင်းဆက်ဆံကြတဲ့အခါ လေးစားမှုသာရှိမယ်ဆိုရင် အကြမ်းဖက်မှုဆိုတာ တို့တွေရဲ့ပတ်ဝန်းကျင်မှာ ဖြစ်လာတော့မှာ မဟုတ်ပါဘူး။

တူ တူမလေးတို့လို ဆယ်ကျော်သက်လူငယ်တွေဆိုတာ ရုပ်ပိုင်းဆိုင်ရာအင်အားတွေ စရှိလာပြီ။ မိမိတို့ ဘဝအသီးသီးအတွက် စိတ်ကူးအိပ်မက်တွေ အစပျိုးနေပြီ။ မိမိတို့မျှော်လင့်တဲ့ အနာဂတ်အသီးသီး အတွက် ကြိုးစားပုံဖော်နေကြတဲ့ အရွယ်တွေပါပဲ။ ဒီအချိန်မှာ တူ တူမလေးတို့ ဆုံးဖြတ်ရမှာက ငါတို့ဟာ

> **တူ တူမတို့လို ဆယ်ကျော်သက်လူငယ်တွေဆီမှာ ဒီအကြမ်းဖက်မှုဆိုတဲ့ ဖြစ်ရပ်ဆိုးကြီးကို တားဆီးနိုင်တဲ့စွမ်းအားတွေရှိနေပါတယ်။ အဲဒါကတော့ အပြန်အလှန်လေးစားမှုကို မိမိတို့ နေ့စဉ်ဘဝမှာ လက်ခံကျင့်သုံးဖို့ပါပဲ။ အိမ်တိုင်း၊ ကျောင်းတိုင်း၊ ရပ်ကွက်တိုင်းမှာ အချင်းချင်းဆက်ဆံကြတဲ့အခါ လေးစားမှုသာရှိမယ်ဆိုရင် အကြမ်းဖက်မှုဆိုတာ တို့တွေရဲ့ပတ်ဝန်းကျင်မှာ ဖြစ်လာတော့မှာမဟုတ်ပါဘူး**

အနာဂတ်မှာ ဘယ်လိုပုံစံနဲ့ ရပ်တည်သွားကြမှာလဲ **"သူတစ်ပါးကို နာကျင်စေသူလား"** ဒါမှမဟုတ် **"သူတစ်ပါးကို ကာကွယ်မယ့်သူလား"** ဆိုတာပါပဲ။

**စိတ်ပိုင်းဆိုင်ရာ ကြင်နာမှုရှိရမယ်**

မှန်ကန်တဲ့ စွမ်းအားဆိုတာ လက်သီးဆုပ်တွေထဲမှာ ရှိတာမဟုတ်ဘူး။ **"ဒီလို မလုပ်ရဘူး" "အဲဒါ မှားယွင်းတဲ့ လုပ်ရပ်ပဲ၊" "ဘယ်သူတစ်ယောက်မှ နောက်တစ်ယောက်ကို နာကျင်အောင် လုပ်ခွင့်မရှိဘူး"၊ "လူတိုင်းလူတိုင်းအချင်းချင်း အပြန်အလှန် လေးစားရမယ်"** ဆိုတဲ့ စကားတွေကို ပြောထွက်နိုင်ခြင်းကသာ မှန်ကန်တဲ့ စွမ်းအားတွေဖြစ်ပါတယ်။ ကျန်းမာတဲ့သူဆိုတာ ရုပ်ပိုင်းဆိုင်ရာ သန်စွမ်းနေရုံသာမက စိတ်ပိုင်းဆိုင်ရာ ကြင်နာမှုရှိရမယ်၊ ဆက်ဆံမှုအပိုင်းမှာ တာဝန်ခံမှုရှိရမယ်၊ ခံစားမှုပိုင်းဆိုင်ရာမှာ ရဲရင့်ပြတ်သားမှုရှိဖို့ လိုပါတယ်။

တူ တူမလေးတို့ရဲ့ စိတ်ဓာတ်တွေက တည်ငြိမ်အေးချမ်းနေမယ်၊ မိမိကိုယ်ကို ယုံကြည်မှုအပြည့် ရှိနေမယ်၊ ပတ်ဝန်းကျင်မှာလည်း တစ်ဦးပေါ်တစ်ဦး အပြန်အလှန်လေးစားမှုတွေနဲ့ ဆက်ဆံနေမယ်ဆိုရင် အကြမ်းဖက်မှုဆိုတာ ပေါ်ပေါက်လာစရာ နေရာမရှိတော့ပါဘူး။

တူ တူမလေးတို့ နေထိုင်ရတာ မလုံခြုံဘူးလို့ ခံစားရရင်၊ တစ်စုံတစ်ယောက်က ခွင့်ပြုချက်မရှိဘဲ လာရောက်ထိတွေ့ကိုင်တွယ်နေရင်၊ ဒါမှမဟုတ် တစ်ယောက်ယောက်က ခြိမ်းခြောက်လာခဲ့ရင်၊ မိမိကိုယ်တိုင်မဟုတ်ဘဲ တစ်စုံတစ်ယောက်က ဒီလို ခံစားနေရတာတွေ့ရင်၊ ကူညီနိုင်သူတွေကို အမြန်ပြောပါ၊ အကူအညီတောင်းခံပါ။ ငြိမ်မနေပါနဲ့။ တိတ်ဆိတ်မနေပါနဲ့။ အားငယ်စိုးထိတ် တိတ်ဆိတ်နေခြင်းဟာ အကြမ်းဖက်မှုတွေကို ပိုမိုအားပေးစေပါတယ်။ **အသံကသာ အကြမ်းဖက်ခံရတဲ့ ခံစားခံတွေကို ကယ်တင်နိုင်မှာပါ။**

**ယောကျ်ားစင်စစ်တွေဆိုရင်**

တူလေးတို့ ယောကျ်ားလေးတွေကို မှာချင်ပါတယ်။ ယောကျ်ားစင်စစ်တွေဟာ ပတ်ဝန်းကျင်ကို ကာကွယ်တတ်တယ်။ ယောကျ်ားစင်စစ်တွေမှာ လေးစားမှုဆိုတာရှိတယ်။ ယောကျ်ားစင်စစ်တွေက ဘယ်သူ့ကိုမှ နာကျင်မှုမပေးဘူးဆိုတာပါပဲ။ တစ်ခေတ်က နာမည်ကြီး စာရေးဆရာ ဝင်းဦးရဲ့ 'ပုတ်ပြေး'ဆိုတဲ့ ဝတ္ထုလေးထဲက စာသားကို ပြန်ပြောရမယ်ဆိုရင် **ယောကျ်ားဆိုတာ မိန်းကလေးတွေကို အချစ်ပဲပေးရတယ်၊ အရှက်မပေးရဘူး**တဲ့၊ မှတ်သားစရာပါပဲ။

တူမလေးတို့ကိုလည်း မှာချင်ပါတယ်။ မိန်းကလေးတိုင်းမှာ တန်ဖိုးတွေရှိတယ်၊ အင်အားတွေရှိတယ်၊ အမြဲတမ်း ဘယ်လိုအခြေအနေ ဘယ်လိုနေရာမှာ ဖြစ်ပါစေ၊ လုံခြုံဖို့ ထိုက်တန်တယ်ဆိုတာပါပဲ။

ယနေ့ကစပြီး လူငယ်တွေဟာ လွတ်လပ်စွာ အချိန်မရွေး၊ ပျော်ပျော်ပါးပါး၊ အနှောင့်အယှက်ကင်းကင်း၊ လမ်းလျှောက်သွားလာနိုင်မယ့် တုန်လှုပ်မှုကင်းစွာ၊ ပွင့်ပွင့်လင်းလင်း မိမိအမြင်ကို ထုတ်ပြောနိုင်မယ့် ကျောင်းတွေ၊ ပတ်ဝန်းကျင်တွေ၊ နိုင်ငံတွေ တည်ဆောက်ကြရမှာပဲ ဖြစ်ပါတယ်။ တူ တူမလေးတို့ဟာ အကြမ်းဖက်မှုဆိုတာ ကမ္ဘာ့ဝေါဟာရ အဘိဓာန်မှာ မရှိတော့အောင် လုပ်ရမယ့် မျိုးဆက်ဖြစ်စေလိုပါတယ်။ တို့တွေ ထုတ်ပြောကြမယ်။ တိုင်ပင်ကြမယ်။ စည်းရုံးကြမယ်။ မှန်ကန်တဲ့ရပ်တည်မှုကို ရွေးချယ်ကြမယ်။ **အကြင်နာတရား လေးစားမှုမေတ္တာနဲ့ တစ်ဦးကိုတစ်ဦး ဆက်ဆံကြရပါလိမ့်မယ်။**

> **ယောကျ်ားစင်စစ်တွေဟာ ပတ်ဝန်းကျင်ကို ကာကွယ်တတ်တယ်။ ယောကျ်ားစင်စစ်တွေမှာ လေးစားမှုဆိုတာရှိတယ်။ ယောကျ်ားစင်စစ်တွေက ဘယ်သူ့ကိုမှ နာကျင်မှုမပေးဘူးဆိုတာပါပဲ။ တစ်ခေတ်က နာမည်ကြီးစာရေးဆရာ ဝင်းဦးရဲ့ 'ပုတ်ပြေး' ဆိုတဲ့ ဝတ္ထုလေးထဲကစာသားကို ပြန်ပြောရမယ်ဆိုရင် ယောကျ်ားဆိုတာ မိန်းကလေးတွေကို အချစ်ပဲပေးရတယ်၊ အရှက်မပေးရဘူးတဲ့**

အားလုံး **လိုက်နာရမယ့်အချက် ငါးချက်**ရှိပါတယ် –

(၁) ကျား မ မခွဲခြား မည်သူ့ကိုမဆိုအားလုံးကို လေးစားမေတ္တာထားရပါမယ်။
(၂) တစ်စုံတစ်ယောက်ကို ထိတွေ့တော့မယ်ဆိုရင် နောက်ပြောင်တော့မယ်ဆိုရင် ဒါမှမဟုတ် သူ့ပုံပါတဲ့ ဓာတ်ပုံတစ်ခုခုကို မျှဝေတော့မယ်ဆိုရင် ခွင့်ပြုချက်တောင်းရပါမယ်။
(၃) တစ်စုံတစ်ယောက်ကို တစ်စုံတစ်ယောက်က နာကျင်စေနေပြီ၊ အနိုင်ကျင့်နေပြီဆိုရင် ပတ်ဝန်းကျင်ကို အသိပေးရပါမယ်။
(၄) အဆင်မပြေ လုံခြုံမှုခြိမ်းခြောက်ခံနေရတဲ့ သူငယ်ချင်းတွေကို ဖေးမကူညီရပါမယ်။
(၅) မိမိတို့ပတ်ဝန်းကျင်မှာ အကြမ်းဖက်မှုတွေ တွေ့နေပြီဆိုရင် ဆရာ၊ မိဘတွေနဲ့ ယုံကြည်စိတ်ချရတဲ့ လူကြီးသူမတွေကို အသိပေး တိုင်ကြားဖို့လိုပါတယ်။

အားလုံး**ရှောင်ကြဉ်ရမယ့် အချက်ကလည်း ငါးချက်**ပါပဲ။ ဒါတွေကတော့ –

(၁) ယောကျ်ားလေးဖြစ်စေ၊ မိန်းကလေးဖြစ်စေ တစ်စုံတစ်ယောက် အရှက်ရအောင် နောက်ပြောင်တာ မလုပ်ရပါဘူး။
(၂) မည်သူတစ်ဦးတစ်ယောက်ရဲ့ ခန္ဓာကိုယ်ကို ခွင့်ပြုချက်မရှိဘဲ မထိတွေ့၊ မကိုင်တွယ်ရပါဘူး။
(၃) မတော်မတရားမှုကို တွေ့နေပြီဆိုရင် တိတ်ဆိတ်မနေသင့်ပါဘူး။
(၄) အကြမ်းဖက်မှုရဲ့ သားကောင်တွေကို အပြစ်မတင်ရပါဘူး။
(၅) အကြမ်းဖက်မှုဟာ ဖြစ်တတ်တဲ့သဘာဝပါ၊ အိမ်တွင်းရေးပြဿနာ သက်သက်ပါလို့ ဘယ်တော့မှ မထင်မိပါစေနဲ့။

ဆိုခဲ့တဲ့ ဆောင်ရန် ငါးချက်၊ ရှောင်ရန် ငါးချက်ကို တူ တူမလေးတွေ စိတ်ထဲနှလုံးထဲအထိ စွဲမြဲအောင် မှတ်သားထားဖို့လိုအပ်ပါတယ်။

အချုပ်ဆိုရမယ်ဆိုရင် အကြမ်းဖက်မှုတွေရဲ့ အစဟာ လူသားအချင်းချင်း လေးစားမှုမရှိခြင်းပါပဲ။ လူသားအချင်းချင်း လေးစားမှုရှိပါစေ။ တူ တူမလေးတို့ မျိုးဆက်သစ်တွေကစတင်ပြီး အပြန်အလှန် လေးစားမှုတွေကို ပြသရပါမယ်။ တည်ဆောက်ရပါမယ်။ အချင်းချင်းလေးစားတဲ့ သူငယ်ချင်းတွေ၊ အချင်းချင်းလေးစားချစ်ခင်တဲ့ ကျောင်းပတ်ဝန်းကျင်၊ အချင်းချင်းလေးစားတန်ဖိုးထားတဲ့ လူ့ဘောင်တစ်ရပ်ဖြစ်ဖို့ ကိုယ်တိုင်တည်ဆောက်ထားတဲ့ ကိုယ်ကျင့်တရား၊ မှန်သောစကားတွေကို တိတိကျကျ ဖွင့်ဆိုနိုင်တဲ့ သတ္တိ၊ အကာအကွယ်ပေးနိုင်မယ့် အဖွဲ့အစည်း၊ ဥပဒေ၊ မူဘောင်တွေရှိဖို့ လိုအပ်ပါတယ်။

ကျား မ အကြမ်းဖက်မှုပပျောက်ဖို့ မျိုးဆက်သစ်များ အပြန်အလှန်လေးစားမှုရှိကြပါစို့လို့ တိုက်တွန်းရေးသားလိုက်ရပါတယ်။ ။

## မကွေးမြသလွန်စေတီတော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကား

မကွေး ဇူလိုင် ၂၉

မကွေးမြို့ရှိ တန်ခိုးကြီး ရှေးဟောင်းသမိုင်းဝင် မြသလွန်စေတီတော်မြတ်ကြီးတွင်(ဒုတိယ) ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)၌ ဝါဆိုပန်းကပ်လှူကြသူများ၊ ဓမ္မစကြာ ဒေသနာတော်ရွတ်ဖတ်ပူဇော်ကြသူများ၊ ကုသိုလ်ကောင်းမှုပြုကြသူများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်။



ဝါဆိုလပြည့် နံနက်ပိုင်းမှစတင်၍မြသလွန်စေတီတော်မြတ်ကြီးအား ရဟန်း၊ ရှင်၊ လူ ပြည်သူများက ဝါဆိုသင်္ကန်း၊ ဝါဆိုပန်း၊ ဆွမ်း၊ ရေချမ်း၊ ဆီမီးများကို ဆက်ကပ် လှူဒါန်းခဲ့ကြပြီး ဓမ္မစကြာ ဒေသနာတော်များကို အလှည့်ကျ ရွတ်ဖတ်ပူဇော်ခဲ့ကြကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)

## လှိုင်ကော်မြို့၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ ဘုရားသွားကျောင်းတက်မှု ပြုလုပ်



လှိုင်ကော် ဇူလိုင် ၂၉

၁၃၈၈ ခုနှစ် ဝါဆိုလပြည့် (ဓမ္မစကြာ)နေ့တွင် ကယားပြည်နယ် လှိုင်ကော်မြို့၌ ရဟန်းသံဃာတော်များ၊ မိဘပြည်သူများ ဘုန်းတော်ကြီးကျောင်းများတွင် ဥပုသ်သီတင်း ဆောက်တည်ခြင်း၊ ဘုရားသွားကျောင်းတက်ခြင်းနှင့် အလှူအတန်းပြု လုပ်ခြင်းများဖြင့် စည်ကား သိုက်မြိုက်လျက်ရှိကြောင်း သိရသည်။

သုတ(ပြန်/ဆက်)

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**





# ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ကောင်းမှုကုသိုလ်ပြုကြသူများဖြင့် စည်ကား

နေပြည်တော် ဇူလိုင် ၂၉

ဝါဆိုလပြည့်နေ့ (ဓမ္မစကြာအခါတော်နေ့)သည် ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ထားသည့်နေ့တစ်နေ့ဖြစ်သည်နှင့်အညီ ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ ဘုရား၊ စေတီ၊ ပုထိုးများအား ဖူးမြော်ကြည်ညိုခြင်း၊ တရားဘာဝနာပွားများအားထုတ်ခြင်း၊ ရပ်ကွက်၊ လမ်းများရှိ ဓမ္မာရုံများ၌ ဓမ္မစကြာတရားများကို ရွတ်ဖတ်ပူဇော်ခြင်း၊ ဝါဆိုသင်္ကန်းနှင့် ဝါဆိုပန်းများ ကပ်လှူပူဇော်ခြင်းတို့ဖြင့် စည်ကားလျက်ရှိသည်။

နံနက်ပိုင်းမှစတင်၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ တန်ခိုးကြီးဘုရားစေတီပုထိုးများ၌ ဒေသခံပြည်သူများသာမက အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူပြည်သူများဖြင့် စည်ကားခဲ့ပြီး ဘာသာရေး၊ လူမှုရေး ဝတ်အသင်းအဖွဲ့များက ဓမ္မစကြာတရားတော် ရွတ်ဆိုပူဇော်ခြင်း၊ သီလဆောက်တည်ခြင်း၊ စတုဒိသာကျွေးမွေးခြင်းတို့ဖြင့် ဝါဆိုလပြည့်နေ့ အခါသမယတွင် ကုသိုလ်ကောင်းမှုပြုကြသည်။

လာရောက်ဖူးမြော်

ထို့အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ကြည်ညိုသဒ္ဓါပွားများစွာ လာရောက်ဖူးမြော်ကြသည့် ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားခဲ့သည်။

အလားတူ နေပြည်တော်ရှိ အခြားဘုရား၊ စေတီ၊ ပုထိုးများ၊ ဘုန်းကြီးကျောင်းများနှင့် ဓမ္မရိပ်သာများတွင် မိသားစုလိုက်၊ အစုအဖွဲ့လိုက် ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ ဝါဆိုပန်းများကပ်လှူခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ တရားဘာဝနာပွားများခြင်းတို့ဖြင့် အေးချမ်းစွာ ကုသိုလ်ပြုကြသည်။

ယနေ့ ဝါဆိုလပြည့်နေ့သည် အများပြည်သူ ရုံးပိတ်ရက် ဖြစ်သည့်အတွက် နေပြည်တော်အတွင်းရှိ အထင်ကရ အပန်းဖြေအနားယူရာ နေရာများတွင် လွတ်လပ်ပေါ့ပါးပျော်ရွှင်စွာ မိသားစုအလိုက်၊ အစုအဖွဲ့အလိုက် အနားယူအပန်းဖြေကြသည့် ပြည်သူများကို တွေ့ရှိရသည်။

သတင်းစဉ်

# မုံရွာမြို့ တန်ခိုးကြီးဘုရားများ၌ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိ

မုံရွာ ဇူလိုင် ၂၉

၁၃၈၈ ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့ (ဓမ္မစကြာအခါတော်နေ့)တွင် မုံရွာမြို့ တန်ခိုးကြီးဘုရားများဖြစ်သော ရွှေစည်းခုံစေတီတော်မြတ်ကြီးနှင့် ဆုတောင်းပြည့်စေတီတော်မြတ်ကြီးတို့တွင် ဘုရားဖူးလာပြည်သူများ၊ အလှူအတန်းပြုကြသူများ၊ တရားဘာဝနာပွားများအားထုတ်ကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။




ဝါဆိုလပြည့်နေ့ကား သန္ဓေ၊ တောထွက်၊ ဓမ္မစက်၊ တစ်ချက်ပြာဋိဟာ ဆိုသည့်အတိုင်း ဂေါတမမြတ်စွာဘုရားရှင် ပဋိသန္ဓေနေတော်မူခြင်း။ တောထွက်တော်မူခြင်း။ တရားဦးဓမ္မစကြာကို ဟောကြားတော်မူခြင်း။ ရေအစုံမီးအစုံ တန်ခိုးပြာဋိဟာကို ပြသတော်မူခြင်းဟူသော ထူးခြားသည့် ဘာသာရေး မှတ်တိုင်ကြီးများကို စိုက်ထူခဲ့သော နေ့ဖြစ်သည်။ ထို့ပြင် ဝါဆိုလပြည့်နေ့သည် ဘုရားအဖြစ်ကို ဝန်ခံတော်မူသောနေ့၊ တရားရတနာ စတင်ပေါ်ပေါက်ရာနေ့၊ သံဃာရတနာ စတင်ပေါ်ထွန်းသောနေ့၊ ပုထုဇဉ်ခရီးမှ အရိယာခရီးသို့ စတင်ကူးပြောင်းခွင့်ကြုံသောနေ့လည်း ဖြစ်သည်။

ဘုရားရှင်သာသနာတော်ရှိ ရဟန်းတို့သည် ဤဝါဆိုလပြည့်နေ့တွင် ဝါတွင်းသုံးလပတ်လုံး မိမိတို့၏ကျောင်းအာရမ်အတွင်းမှ အရပ်တစ်ပါးသို့ ရွှေ့ပြောင်းသွားလာခြင်း မပြုပါဟူသော ပဋိညာဉ်ဖြင့် ဝါဆိုဝါကပ်မှုများကို ပြုကြသည်။

ထိုကဲ့သို့ ရဟန်းသံဃာတော်တို့သည် ဝါတွင်းသုံးလပတ်လုံး ငြိမ်သက်စွာ တရားအားထုတ်လျက်ရှိစဉ် လူတို့သည်လည်း ထိုဝါတွင်းသုံးလတွင် ရဟန်းတို့၏ သိက္ခာပုဒ်တော်များကို ကြည်ညိုခြင်းဖြစ်လျက် ဝါကပ်သော ရဟန်းတို့အား ချမ်းမြေ့စေရန် ထောက်ပံ့ကြ၏။ ဤသို့ ရဟန်းရှင်လူတို့ သုံးလပတ်လုံး ဒါန၊ သီလ၊ ဘာဝနာ အစရှိသော သူတော်ကောင်းတရားများကို ငြိမ်သက်စွာအားထုတ်ရန် အစပြုသော ဝါဆိုလပြည့်နေ့များတွင် လူတို့သည် ဝါကပ်ခြင်းအမှုကို ပြုကြကုန်သော ရဟန်း၊ သံဃာတို့အား ပန်း၊ ဆီမီးတို့ဖြင့် ပူဇော်ကြကုန်သည်။ သို့ဖြစ်ရာ မုံရွာမြို့ ရပ်ကွက်တိုင်းရှိ ဘုန်းတော်ကြီးကျောင်းများတွင် ဥပုသ်သီလဆောက်တည်ကြသူများ၊ တရားဘာဝနာပွားများကြသူများ၊ ကုသိုလ်ကောင်းမှု ပြုကြသူများဖြင့်အထူးစည်ကားလျက်ရှိကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

# သထုံမြို့နယ်၌ ကုသိုလ်ဒါနပြုလုပ်ခြင်းတို့ဖြင့် စည်ကား

သထုံ ဇူလိုင် ၂၉

မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ ဘုရားစေတီများ၊ ကျောင်းကန်ပုထိုးများ၌ ဝါဆိုလပြည့်နေ့(ဓမ္မစကြာအခါတော်နေ့)တွင် ဗုဒ္ဓဘာသာဝင် ပြည်သူများအေးချမ်းစွာ ဥပုသ်သီလဆောက်တည်ခြင်း၊ ကုသိုလ်ဒါနပြုလုပ်ခြင်းတို့ဖြင့် စည်ကားလျက်ရှိသည်။

ဝါဆိုလပြည့်နေ့(ဓမ္မစကြာအခါတော်နေ့) နံနက်ပိုင်းမှစတင်ကာ သထုံမြို့၏ကျက်သရေဆောင် လေးဆူဓာတ်စံ ရွှေစာရံစေတီမြတ်ကြီးအပါအဝင် မြို့နယ်အတွင်းထင်ရှားသည့် စေတီပုထိုးများ၌ ပြည်သူများ ပန်း၊ ဆီမီး၊ ရေချမ်းများကပ်လှူခြင်း၊ ဝါတွင်းတရားဓမ္မသဘင်များ ဆင်ယင်ကျင်းပခြင်း၊ ရပ်ကွက်/ကျေးရွာတို့ရှိ ဘုန်းတော်ကြီးကျောင်းများ၌ ဥပုသ်သီလဆောက်တည်ကာ တရားဘာဝနာပွားများခြင်း၊ ဝါဆိုသင်္ကန်းများ ကပ်လှူဒါန်းခြင်းများ၊ နဝကမ္မအလှူငွေများ၊ လှူဖွယ်ပစ္စည်း စသည်ဖြင့် ဆက်ကပ်လှူဒါန်းကြခြင်းတို့ကို ပြုလုပ်ခဲ့ကြကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)





# အုတ်တွင်းမြို့နယ်၌ ဘုရားသွားကျောင်းတက် ကုသိုလ်ပြုသူများဖြင့် စည်ကားလျက်ရှိ

အုတ်တွင်း ဇူလိုင် ၂၉

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် အတွင်းရှိဒေသခံပြည်သူများသည် မြန်မာ့ရိုးရာဓလေ့ထုံးတမ်းစဉ်လာနှင့်အညီ ဝါဆိုလပြည့်နေ့ (ဓမ္မစကြာအခါတော်နေ့) နံနက်ပိုင်းက ဘုရားသွားကျောင်းတက် ကုသိုလ်ပြုသူများဖြင့် စည်ကားလျက်ရှိသည်။

ဝါဆိုလပြည့်နေ့ (ဓမ္မစကြာအခါတော်နေ့) အုတ်တွင်းမြို့နယ်အတွင်းရှိဒေသခံပြည်သူများအနေဖြင့် ဘုရားများသို့ သွားရောက်ဖူးမြော်ခြင်းများအပြင် ရပ်ကွက်/ ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းများ၌ ဥပုသ်သီလဆောက်တည်ကာ ကုသိုလ်ပြုကြသူများအား အလှူရှင်များက စတုဒိသာကျွေးမွေးလျက်ရှိကြောင်း သိရသည်။ ခင်ခင်မာ( ပြန်/ဆက်)

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

# နိုင်ငံ၏ ကဏ္ဍအသီးသီးအပေါ် ခြိမ်းခြောက်နေသည့် ငွေကြေးခဝါချမှု

သိန်းထွန်း (IR)

ဒီကနေ့ခေတ်မှာ မကြာခဏကြားနေရတဲ့ စကားလုံးတွေထဲမှာ ငွေကြေးခဝါချမှုဆိုတဲ့စကားရပ်လည်း ပါဝင်ပါတယ်။ ငွေကြေးခဝါချမှု အကြောင်း လူထုအတွင်း ကျယ်ပြန့်လာရခြင်း အကြောင်းရင်းတွေထဲမှာ ငွေကြေးခဝါချမှုကြောင့် နိုင်ငံရဲ့စီးပွားရေး၊ ဘဏ္ဍာရေးကဏ္ဍတွေမှာ သာမကဘဲ လူတစ်ဦးချင်းစီရဲ့ နေ့စဉ်ဘဝတွေအထိ ထိခိုက်ဆုံးရှုံးမှု တွေရှိလာနေတဲ့အတွက် ဖြစ်ပါတယ်။

အထူးသဖြင့် အဲဒီဆိုးကျိုးတွေကြောင့် မြန်မာနိုင်ငံလို ဖွံ့ဖြိုးဆဲ နိုင်ငံနဲ့ ပြည်သူတွေအတွက် ထိခိုက်နစ်နာမှုတွေက ပိုများပါတယ်။ ဒါကြောင့် ငွေကြေးခဝါချမှုတွေကို နိုင်ငံအသီးသီးနဲ့ ကမ္ဘာ့အဖွဲ့ အစည်းကြီးတွေက တိုက်ဖျက်ဖို့ကြိုးစားနေကြပေမယ့် ငွေကြေး ခဝါချတဲ့ ဒုစရိုက်လုပ်ငန်းတွေဟာ နည်းပညာနဲ့ စီးပွားရေးပုံစံပြောင်းလဲ တာတွေအပေါ်လိုက်ပြီး ပုံစံအသစ်တွေနဲ့ ဆက်ပြီးရှင်သန်နေကြပါ တယ်။

ငွေကြေးခဝါချတဲ့လုပ်ငန်းဟာ လူသားသဘာဝတွေထဲကတစ်ခု လို့ပြောနိုင်ပါတယ်။ အတ္တကိုအခြေခံတဲ့ မတော်လောဘတွေကြောင့် ဥပဒေပြင်ပ၊ ကျင့်ဝတ်ပြင်ပကနေတစ်ဆင့် မိမိကိုယ်ကျိုးတစ်ခုတည်း ကိုပဲကြည့်ပြီး ကျူးလွန်နေကြတာပါ။ ဘယ်သူသေသေ ငတေမာပြီးရော စိတ်ထားနဲ့ ဒုစရိုက်ကျူးလွန်မှုဟာ သာမန်ပြည်သူတွေနဲ့ဥပဒေကို လေးစားလိုက်နာသူတွေအပေါ် ထိခိုက်စေတဲ့အပြင် တရားဥပဒေစိုးမိုးမှု ကိုပါ လျော့နည်းစေပါတယ်။

**တရားဝင်အောင် အလွယ်တကူ လွှဲပြောင်းလုပ်ကိုင်နေကြ**

ကမ္ဘာတစ်ဝန်းမှာ ငွေကြေးခဝါချသူတွေဟာ တရားမဝင်ရလာတဲ့ ဒေါ်လာဘီလီယံပေါင်းများစွာကို တရားဝင်စီးပွားရေးလုပ်ငန်းတွေက တစ်ဆင့် တရားဝင်အောင် အလွယ်တကူလွှဲပြောင်းပြီး လုပ်ကိုင်နေကြ တဲ့အတွက် စီးပွားရေးလုပ်ငန်းတွေနဲ့ လူတစ်ဦးချင်းအပေါ် ထိခိုက် နေတာကို ဒီကနေ့ တွေ့ကြုံခံစားနေကြရပါတယ်။ ငွေကြေးခဝါချတဲ့ သူတွေဟာ မသမာတဲ့နည်းအမျိုးမျိုးနဲ့ရလာတဲ့ ငွေကြေးတွေကို မသမာတဲ့နည်းလမ်းတွေနဲ့ တရားဝင်အောင်လုပ်နေကြတဲ့ ဆိုးကျိုး တွေဟာ ဆင့်ကဲဖြစ်ပေါ်နေပါတယ်။

အဲဒီလိုဆိုးကျိုးတွေဖြစ်ပေါ်စေတဲ့ ငွေကြေးခဝါချမှုဟာ အခုမှ ပေါ်ပေါက်လာတဲ့ ဒုစရိုက်မှုတော့မဟုတ်ပါဘူး။ ၁၉၂၈ ခုနှစ်မှာ အမေရိကန်နိုင်ငံ ချီကာဂိုမှာ မာဖီးယားခေါင်းဆောင်တစ်ဦးက သူ့ရဲ့ တရားမဝင်ငွေကြေးတွေကို တရားဝင်အောင်လုပ်ရာကနေ ပေါ်ပေါက် လာခဲ့တာပါ။ ၁၉၇၀ ပြည့်နှစ်များမှာ ငွေကြေးခဝါချမှုဆိုတဲ့စကားလုံး ဟာ ကျယ်ပြန့်လာပြီး ၁၉၈၂ ခုနှစ်မှာ တရားရုံးအမှုတစ်ခုမှာ ပထမဆုံး အသုံးပြုခဲ့ပါတယ်။

၁၉၈၈ ခုနှစ်မှာ မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ရောင်းဝယ်ဖောက်ကားမှုတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းက ငွေကြေးခဝါချမှုရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ပထမဆုံး အကြိမ်ဖွင့်ဆိုပေးခဲ့ပါတယ်။ ၁၉၉၀ ပြည့်နှစ်မှာ ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်မှုအဖွဲ့ (Financial Action Task Force – FATF) က ငွေကြေးခဝါချမှုဆိုတာ ရာဇဝတ်မှုဆိုင်ရာတွေကနေ ရရှိတဲ့ငွေတွေ ကို ၎င်းတို့ရဲ့ တရားမဝင်ရရှိတဲ့ရင်းမြစ်ကိုဖုံးကွယ်ဖို့ ပြောင်းလဲတဲ့ လုပ်ငန်းစဉ်ဖြစ်တယ်လို့ အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပါတယ်။

အလားတူပဲ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ကလည်း ငွေကြေးခဝါချမှုကို **"ရရှိသောရန်ပုံငွေများနှင့် ကနဦးပြစ်မှု၏ ရင်းမြစ်အကြား ဆက်စပ်မှုကိုဖုံးကွယ်ရန် တရားမဝင်ပိုင်ဆိုင်မှုရင်းမြစ် သို့မဟုတ် ရာဇဝတ်မှုလုပ်ဆောင်မှုမှရရှိသော ထုတ်လုပ်မှုများကို ဖုံးကွယ်ထားသည့် လုပ်ငန်းစဉ်တစ်ခု"**အဖြစ် အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပါ တယ်။ ငွေကြေးခဝါချမှုနဲ့ပတ်သက်တဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေ များစွာရှိပေမယ့် ခြုံငုံကြည့်ရင် ငွေကြေးခဝါချခြင်းဟာ တရားမဝင်ရရှိ တဲ့ငွေကြေးနဲ့ ပိုင်ဆိုင်မှုတွေကို တရားဝင်ဖြစ်အောင် လွှဲပြောင်းခြင်းပဲ ဖြစ်ပါတယ်။ တရားမဝင်ရရှိတဲ့ပိုင်ဆိုင်မှုတွေထဲမှာ ငွေကြေး၊ ပစ္စည်းနဲ့ အကျိုးအမြတ်တွေပါဝင်ပါတယ်။

ဒီနေရာမှာ တရားမဝင်ရရှိတဲ့ငွေကြေးဆိုတာက မူးယစ်ဆေးဝါး ရောင်းဝယ်တာကနေရတဲ့ ငွေကြေးတစ်မျိုးတည်းကို ဆိုလိုတာမဟုတ် ပါဘူး။ အခြားနည်းလမ်းအမျိုးမျိုးနဲ့ရရှိတဲ့ တရားမဝင် ငွေကြေးအားလုံး အကျုံးဝင်ပါတယ်။ တရားမဝင်ရရှိနိုင်တဲ့ ရင်းမြစ်တွေထဲမှာဆိုရင် ဥပမာ အားဖြင့် မူးယစ်ဆေးဝါးရောင်းဝယ်မှု၊ အဂတိလိုက်စားမှု၊ လိမ်လည်မှု၊ အခွန်ကောက်ခံမှုဆိုင်ရာ ရာဇဝတ်မှုတွေ၊ လူကုန်ကူးမှု၊ ဆိုက်ဘာ ရာဇဝတ်မှုနဲ့ တရားမဝင်လောင်းကစားမှု စတာတွေပါဝင်ပါတယ်။ အခြားသော တရားမဝင်ရနိုင်တဲ့ရင်းမြစ်များစွာလည်း ရှိပါသေးတယ်။

ဘယ်ရင်းမြစ်ကပဲဖြစ်ဖြစ် တရားမဝင်တဲ့နည်းလမ်းနဲ့ရလာတဲ့ ငွေကြေး၊ ပစ္စည်းနဲ့ အကျိုးအမြတ်တွေကို တရားဝင်အောင် လုပ်ဆောင် ခြင်းဟာ ငွေကြေးခဝါချမှုတွေပဲဖြစ်ပါတယ်။ ငွေကြေးခဝါချမှုဟာ ခါးပြတိုက်မှု၊ ခိုးယူမှု စတဲ့ပြစ်မှုတွေနဲ့မတူပါဘူး။ ငွေကြေးခဝါချမှု ကြောင့်ဖြစ်လာတဲ့ ဆိုးကျိုးတွေဟာ ကြီးမားကျယ်ပြန့်ပါတယ်။ အခု ဆိုရင် ငွေကြေးခဝါချမှုဟာ ပြည်တွင်းမှာသာမကဘဲ နိုင်ငံဖြတ်ကျော် ဖြစ်ပွားနေတဲ့ ဒုစရိုက်ဂိုဏ်းလုပ်ငန်းတွေ ဖြစ်နေပါတယ်။

International Classification of Crime for Statistical Purposes (ICCS) က တရားမဝင် ငွေကြေးစီးဆင်းမှု (Illicit Financial Flows– IFFs) တွေဖြစ်ပေါ်စေတဲ့ လုပ်ဆောင်မှုတွေနဲ့ပတ်သက်လို့ အဓိက လုပ်ဆောင်ချက် လေးမျိုးရှိတယ်လို့ဆိုပါတယ်။ အဲဒါတွေက –

(၁) **အခွန်စနစ်နဲ့ ကုန်သွယ်ရေးလုပ်ဆောင်မှုဆိုင်ရာ ဈေးကွက်များ** (Tax and Commercial Activities Markets)။ အဲဒီထဲမှာ အခွန်ရှောင်ရှားမှု (Tax evasion)၊ အခွန်လိမ်လည်မှု (Tax fraud)၊ ကုန်သွယ်ရေးငွေ တောင်းခံလွှာအတုလုပ်ခြင်း (Trade misinvoicing)၊ အလွဲသုံးစားလုပ်ခြင်း (Transfer pricing)၊ ကုမ္ပဏီအတု (Shell Companies) အသုံးပြုပြီး ငွေကြေးရွှေ့ပြောင်းခြင်း၊ တရားမဝင် စီးပွားရေးအမြတ်ငွေတွေကို နိုင်ငံပြင်ပသို့ လွှဲပြောင်းခြင်းတွေ ပါဝင်ပါတယ်။

(၂) **တရားမဝင်ကုန်သွယ်မှု ဈေးကွက်များ** (Illegal Markets)။ တရားမဝင်ကုန်သွယ်တဲ့ ဈေးကွက်တွေထဲမှာ မူးယစ်ဆေးဝါးရောင်းဝယ်မှု၊ လက်နက်မှောင်ခို ကူးသန်းရောင်းဝယ်မှု၊ လူကုန်ကူးမှု၊ တရားမဝင်လောင်းကစားလုပ်ငန်းတွေ၊ တောရိုင်းတိရစ္ဆာန် တရားမဝင်ရောင်းဝယ်မှုနဲ့ မှောင်ခိုကုန်သွယ်မှုတို့လို ဥပဒေနဲ့တားမြစ်ထားတဲ့ စီးပွားရေးလုပ်ငန်းတွေပါဝင်ပါတယ်။

(၃) **အဂတိလိုက်စားမှု (Corruption)**။ အဂတိလိုက်စားမှုတွေထဲမှာ လာဘ်ပေးလာဘ်ယူမှု၊ အများပြည်သူဘဏ္ဍာတွေကို အလွဲသုံးစားပြုမှု၊ ဥပဒေနဲ့မညီဘဲ ကိုယ်ကျိုးစီးပွားအတွက် အသုံးချမှုတို့မှရရှိလာတဲ့ တရားမဝင်ငွေကြေးတွေကို ပြည်ပသို့ လွှဲပြောင်းခြင်း ဒါမှမဟုတ် ဖုံးကွယ်ထားခြင်းတို့ ပါဝင်ပါတယ်။

(၄) **အမြတ်ထုတ်အကျိုးအမြတ်ရှာဖွေတဲ့ တရားမဝင်လုပ်ငန်းတွေနဲ့ ရာဇဝတ်မှုတွေ၊ အကြမ်းဖက်လုပ်ရပ်တွေကို ငွေကြေးထောက်ပံ့ပေးခြင်း** (Exploitation–type Activities and Financing of Crime and Terrorism)။ အမြတ်ထုတ်အကျိုးအမြတ်ရှာဖွေတဲ့ တရားမဝင်လုပ်ငန်းတွေထဲမှာ လူကုန်ကူးမှု၊ ကလေးအလုပ်သမားခိုင်းစေမှု၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုများ ပါဝင်ပါတယ်။

ဒါပေမဲ့ တရားမဝင် ငွေကြေးစီးဆင်းမှု (IFFs)ဆိုတာကို ဘယ်လိုသတ်မှတ်မလဲဆိုတာနဲ့ IFFs ကို ဘယ်လိုတိုင်းတာရမလဲ ဆိုတာ ပညာရှင်တွေအကြား တစ်သဘောတည်းမရှိသေးပါဘူး။ ဒါကြောင့် နိုင်ငံတစ်နိုင်ငံချင်းစီက IFFs ကို တိုက်ဖျက်တဲ့မူဝါဒချမှတ်ရာမှာ ခက်ခဲနေသလို နိုင်ငံတကာအဆင့်မှာလည်း တူညီတဲ့ရည်မှန်းချက်နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ အခက်အခဲတွေအဖြစ်ရှိနေပါသေးတယ်။

ဒါပေမဲ့ အထက်မှာဖော်ပြထားတဲ့ တရားမဝင်ငွေကြေးဖြစ်ပေါ်စေတဲ့ လုပ်ဆောင်မှုတွေကိုကြည့်ရင် နိုင်ငံတစ်နိုင်ငံရဲ့ကုန်သွယ်ရေး၊ စီးပွားရေး၊ အခွန်နဲ့ဘဏ္ဍာ၊ နိုင်ငံ့အင်စတီကျူးရှင်းတွေ၊ တရားဥပဒေစိုးမိုးမှုနဲ့ လုံခြုံရေးဆိုင်ရာနယ်ပယ်တွေနဲ့ ဆက်နွှယ်နေတာတွေ့ရပါတယ်။ ဒါ့အပြင် တရားမဝင်ငွေကြေးဖြစ်ပေါ်စေတဲ့ လုပ်ဆောင်ချက်တွေကတစ်ဆင့် ဖြစ်ပေါ်လာတဲ့ နောက်ဆက်တွဲဆိုးကျိုးတွေရှိနေပါသေးတယ်။

တရားမဝင်ငွေကြေး (Illicit Money) တွေဟာ ဖွံ့ဖြိုးဆဲဈေးကွက်နဲ့ ဖွံ့ဖြိုးဆဲစီးပွားရေး (Emerging Markets and Developing Economies – EMDEs)တွေကို ထိခိုက်စေတာမို့ ဒါဟာ နိုင်ငံတော်လုံခြုံရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်နိုင်မှုအခွင့်အလမ်းတွေနဲ့ တရားဥပဒေစိုးမိုးရေးစနစ်တွေအပေါ် သိသိသာသာ ဆိုးကျိုးတွေဖြစ်ပေါ်စေတယ်လို့ ကမ္ဘာ့ဘဏ်က ဆိုပါတယ်။

**ငွေကြေးခဝါချမှုကြောင့် ပုဂ္ဂလိကကဏ္ဍကိုထိခိုက်**

ငွေကြေးခဝါချမှုတွေကြောင့် မိုက်ခရိုစီးပွားရေးအပေါ် ဖြစ်ပေါ်စေတဲ့ ဆိုးကျိုးတွေထဲမှာဆိုရင် အဓိကအားဖြင့် ဈေးကွက်ထဲကို တရားမဝင်ငွေကြေးတွေ ဝင်ရောက်ထိုးဖောက်လာတဲ့အတွက် တရားဝင်စီးပွားရေးလုပ်ဆောင်နေတဲ့ ပုဂ္ဂလိကလုပ်ငန်းတွေမှာ မတည်ငြိမ်မှုတွေဖြစ်ပေါ်လာစေပါတယ်။ ငွေကြေးခဝါချမှုကြောင့် မိုက်ခရိုစီးပွားရေးအပေါ် အဆိုးရွားဆုံး အကျိုးသက်ရောက်မှုတစ်ခုက ပုဂ္ဂလိကကဏ္ဍကို ထိခိုက်စေခြင်းဖြစ်တယ်လို့ McDowell, J., & Novis, G. (2001) တို့က ဆိုပါတယ်။

အဲဒီအကျိုးဆက်က တရားမဝင် ငွေကြေးစီးဆင်းတာတွေကြောင့် စီးပွားရေးထုတ်လုပ်နိုင်စွမ်း (productivity) နဲ့ ဖွံ့ဖြိုးတိုးတက်မှု (economic growth)ကို ထိခိုက်စေပါတယ်။ တရားမဝင်ငွေကြေးတွေနဲ့ အဲဒီငွေကြေးတွေရလာတဲ့ ရာဇဝတ်မှုလုပ်ရပ်တွေက ဈေးကွက်ပေါက်ဈေးတွေနဲ့ နိုင်ငံတကာငွေပေးချေမှုချိန်ခွင် (balance of payments) ကို ပျက်ပြားစေပြီး တရားဝင်ရင်းနှီးမြှုပ်နှံမှုတွေကို အဟန့်အတားဖြစ်စေပါတယ်။

ဒါဟာ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအတွက် ကြီးမားတဲ့စိန်ခေါ်မှုတစ်ခု ဖြစ်ပါတယ်။ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် စီးပွားရေး၊ ဘဏ္ဍာရေး၊ အခြေခံအဆောက်အအုံ၊ ယုံကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ တည်ငြိမ်မှု၊ အားပေးမှု၊ တရားမျှတတဲ့ယှဉ်ပြိုင်နိုင်မှုစတဲ့အခြေခံတွေ လိုအပ်နေချိန်မှာ တရားမဝင်ငွေကြေးတွေနဲ့ ငွေကြေးခဝါချမှုတွေက နိုင်ငံရဲ့အဲဒီအခြေခံလိုအပ်ချက်တွေကို ပျက်စီးစေလျက်ရှိပါတယ်။

ငွေကြေးခဝါချမှုကြောင့် ဖြစ်ပေါ်လာတဲ့အကျိုးဆက်တွေထဲမှာ သဘာဝမကျတဲ့ဈေးနှုန်းတွေ မြင့်တက်စေခြင်း (Artificial Price Growth) လည်းပါဝင်ပါတယ်။ ငွေကြေးခဝါချသူတွေဟာ သူတို့ရဲ့ တရားမဝင်ရရှိထားတဲ့ ငွေကြေးတွေကို တရားဝင်ပိုင်ဆိုင်မှုဖြစ်အောင် အိမ်ခြံမြေ၊ ရွှေ၊ နိုင်ငံခြားငွေကြေး၊ စီးပွားရေးလုပ်ငန်းတွေနဲ့ အခြားပိုင်ဆိုင်မှုတွေမှာ ရင်းနှီးမြှုပ်နှံကြပါတယ်။

အဲဒီလိုရင်းနှီးမြှုပ်နှံရာမှာ ပစ္စည်းတစ်ခုရဲ့အမှန်တကယ်တန်ဖိုးထက် ပိုမိုမြင့်မားတဲ့ဈေးနှုန်းနဲ့ ပေးချေဖို့ တွန့်ဆုတ်မနေကြပါဘူး။ ပုံမှန်ဈေးနှုန်းထက် ပိုမိုပေးချေဝယ်ယူတတ်ကြပါတယ်။ အဲဒီအခါမှာ ဈေးကွက်အတွင်းက ပုံမှန်ဖြစ်သင့်တဲ့ဈေးနှုန်းတွေ ကမောက်ကမဖြစ်ပြီး ဈေးကွက်အမှန်တကယ်တန်ဖိုးထက် ကျော်လွန်တဲ့ဈေးနှုန်းတွေ ဖြစ်ပေါ်လာပါတယ်။ ငွေကြေးခဝါချသူတွေဟာ ငွေကြေးအရင်းအမြစ်များစွာကနေ တရားမဝင်ငွေကြေးများစွာကို ရရှိထားကြတဲ့အတွက် ပမာဏကြီးကြီး ဝယ်ယူနိုင်ကြတဲ့အပြင် တရားဝင်ငွေနဲ့ ဝယ်ယူလိုသူတွေထက် ဈေးနှုန်းပိုပေးပြီး ယှဉ်ပြိုင်ဝယ်ယူနိုင်ကြပါတယ်။

သူတို့ဟာ တရားမဝင်ငွေကြေးရဲ့ မူလရင်းမြစ်ကိုဖုံးကွယ်ဖို့အတွက် အမှန်တကယ်ဈေးနှုန်းတန်ဖိုးထက် ပိုပေးကြတာကြောင့် ဈေးကွက်အတွင်းမှာ ပစ္စည်းနဲ့ ပိုင်ဆိုင်မှုတွေရဲ့ဈေးနှုန်းတွေဟာ သဘာဝမကျစွာမြင့်တက်လာပြီး တရားဝင် ဝင်ငွေနဲ့ဝယ်ယူလိုသူတွေအတွက် လက်လှမ်းမမီနိုင်တဲ့ အခြေအနေဖြစ်ပေါ်လာစေပါတယ်။

**"ရာဇဝတ်မှုလုပ်ငန်းတွေအပါအဝင် ရင်းမြစ်အသီးသီးကနေ တရားမဝင်ရရှိလာတဲ့ငွေကြေးတွေကို တရားဝင်အောင် နိုင်ငံအတွင်းမှာဖြစ်စေ၊ နိုင်ငံဖြတ်ကျော်၍ဖြစ်စေ ငွေကြေးခဝါချကြတဲ့အတွက် နိုင်ငံရဲ့စီးပွားရေး၊ အုပ်ချုပ်ရေး၊ ဘဏ္ဍာရေး၊ လူမှုရေးနဲ့ လုံခြုံရေးတို့အပေါ် နည်းလမ်းအမျိုးမျိုးနဲ့ ဆိုးကျိုးတွေဖြစ်ပေါ်စေပါတယ်။ ဒါကြောင့်လည်း ကမ္ဘာ့ဘဏ်နဲ့ နိုင်ငံတကာငွေကြေးအဖွဲ့တို့လို ကမ္ဘာ့အဖွဲ့အစည်းကြီးတွေက ငွေကြေးခဝါချမှုနဲ့ ဆက်စပ်နေတဲ့ ဒုစရိုက်ဂိုဏ်းတားဆီးနှိမ်နင်းရေးတွေ လုပ်ဆောင်နေကြ"**

စာမျက်နှာ ၉ သို့ ☆

## ဖလမ်းမြို့နယ်၌ ဒေသခံပြည်သူများအတွက် လိုင်ဗားဆည်ရေလှောင်တမံမှ သောက်သုံးရေကို ဂါလန် တစ်သိန်းဆံ့ ပင်မရေလှောင်ကန် လေးလုံးဖြင့် ဖြန့်ဝေလျက်ရှိ



နေပြည်တော် ဇူလိုင် ၂၉

ဖလမ်းမြို့ရှိ လိုင်ဗားရေလှောင်တမံမှ ရေကို မြို့အတွင်းရှိ ရေလှောင်ကန်များသို့ Syphon စနစ်ဖြင့် သောက်သုံးရေပေးဝေလျက်ရှိသည့် ရေပိုက်လိုင်းများ အကြမ်းဖက် ဖြစ်စဉ်များကြောင့် ကျိုးပေါက်ပျက်စီးခြင်း၊ ရေစုပ်စက်နှင့် ဆက်စပ်ပစ္စည်းများ ပျောက်ဆုံး ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ရာ ဒေသခံပြည်သူများ သောက်သုံးရေ ပြန်လည်ရရှိစေရေးအတွက် တာဝန်ရှိသူများက ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကာလအတွင်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ယခုအခါ ဒေသခံပြည်သူများအတွက် သောက်သုံးရေများကို ဂါလန်တစ်သိန်းဆံ့ ပင်မရေလှောင်ကန် လေးလုံးဖြင့် ဖြန့်ဝေနေပြီဖြစ်ကြောင်း သိရသည်။

**ကြည့်ရှုစစ်ဆေး**

ဖလမ်းမြို့နေ ဒေသခံပြည်သူများအတွက် သောက်သုံးရေများ ဖြန့်ဝေပေးနေမှုကို ယနေ့တွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးသည် ချင်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီ အဖွဲ့ဝင်များနှင့်အတူ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ ဖလမ်းမြို့ရှိ ဒေသခံပြည်သူများ ဆက်သွယ်မှုကောင်းမွန်စေရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အော်တိုအိတ်ချိန်းရုံး၌ MEC TEL တယ်လီဖုန်းလိုင်းများ တပ်ဆင်ဆောင်ရွက်ထားရှိမှုကိုလည်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျုံပျော်မြို့၌ ပြည်သူဗဟိုပြုရဲလုပ်ငန်းစနစ် အကောင်အထည်ဖော်ဆောင်ရွက်မှု အခမ်းအနားပြုလုပ်

ကျုံပျော် ဇူလိုင် ၂၉

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ရဲတပ်ဖွဲ့က ဦးဆောင်၍ ပြည်သူဗဟိုပြု ရဲလုပ်ငန်းစနစ် အကောင်အထည်ဖော် ဆောင်ရွက်မှုအခမ်းအနားကို ကျုံပျော်မြို့ သဒ္ဓမ္မရံသီ သီလရှင်စာသင်တိုက်၌ ဇူလိုင် ၂၈ ရက်က ပြုလုပ်သည်။

ဦးစွာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ချိုနိုင်ဝင်းက ပြည်သူဗဟိုပြု ရဲလုပ်ငန်းစနစ်၏ အဓိပ္ပာယ်နှင့် ကောင်းကျိုးများ၊ ပြည်သူများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်ရရှိမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယမြို့နယ်ဥပဒေအရာရှိဦးတေဇာအောင်က လက်ရှိတည်ဆဲဥပဒေများ၏ သမိုင်းကြောင်းကို ရှင်းလင်းပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်က ဥပဒေ၊ နည်းဥပဒေများကို ပြည်သူများလေးစားလိုက်နာကြရန်၊ ရဲနှင့်ပြည်သူ ပူးပေါင်းဆောင်ရွက်ကြရန်တို့ကို ပြောကြားခဲ့ကြောင်း သိရသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**



## တံတားဦးမြို့နယ်၌ ဒုတိယအကြိမ် ကျောင်းတွင်းအာဟာရကျွေးမွေး



တံတားဦး ဇူလိုင် ၂၉

မန္တလေး တိုင်းဒေသကြီး တံတားဦးမြို့နယ်အတွင်းမှ အခြေခံပညာကျောင်းပေါင်း ၁၂ ကျောင်းတွင် ပညာသင်ယူနေသော KG တန်းမှ ကျောင်းသား ကျောင်းသူ ၂၀၁၀ အား မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းတွင်းနေ့လယ်စာ ဒုတိယအကြိမ် အာဟာရကျွေးမွေးမှုကို ယမန်နေ့နံနက်ပိုင်းက တံတားဦးမြို့ အခြေခံပညာအထက်တန်းကျောင်းနှင့် မြို့မအခြေခံပညာအလယ်တန်း ကျောင်းတို့၌ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် တံတားဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်းနှင့်အဖွဲ့ဝင်များ၊ တံတားဦးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် တာဝန်ရှိသူများက KGတန်းမှ ကျောင်းသားကျောင်းသူများအား အာဟာရကျွေးမွေးပြီး တံတားဦး အခြေခံပညာအထက်တန်းကျောင်းနှင့် မြို့မ အခြေခံပညာအလယ်တန်းကျောင်းတို့ရှိ KG တန်းမှ ကျောင်းသား ကျောင်းသူများအား အာဟာရကျွေးမွေးခြင်းကို လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြောက်ဥက္ကလာပမြို့နယ်၌ သမဝါယမအသင်း နှစ်ပတ်လည်အစည်းအဝေးပြုလုပ်

ရန်ကုန် ဇူလိုင် ၂၉

ရန်ကုန် တိုင်းဒေသကြီး မြောက်ဥက္ကလာပ မြို့နယ် ပြည့်ချမ်းသာ ရောင်းဝယ်ရေး သမဝါယမအသင်း လီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်ပွဲကို ယမန်နေ့က မြရတနာ (၁၁)လမ်း သာသနဝုတ္တိဓမ္မာရုံ၌ ပြုလုပ်သည်။

ဦးစွာ သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးချစ်ကိုကိုဦးက အမှုဆောင်ရွေးချယ်တင်မြှောက်ရာတွင် လိုက်နာရမည့်စည်းကမ်းများနှင့် ဦးစီးဌာနမှ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသင်းမှ ဒါရိုက်တာအဖွဲ့ အစီရင်ခံစာနှင့် နှစ်ချုပ် ဘဏ္ဍာရေးရှင်းတမ်းများကို အသင်းသား ဒေါ်သိဂီမျိုးက ဖတ်ကြားတင်ပြပြီး အသင်းသားများ၏ အတည်ပြုချက်ရယူသည်။ အဆိုပါ အစည်းအဝေးသို့ အသင်းသား ၆၂ ဦး တက်ရောက်ပြီး အစုပေါ်အမြတ်နှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**



☆ စာမျက်နှာ ၈ မှ

**နည်းလမ်းအမျိုးမျိုးနဲ့ ဆိုးကျိုးတွေဖြစ်ပေါ်**

လက်တွေ့မှာတော့ ငွေကြေးခဝါချမှုရဲ့ဆိုးကျိုးတွေက ဒီထက်မက ပိုပြီးကျယ်ပြန့်ပါတယ်။ ရာဇဝတ်မှုလုပ်ငန်းတွေအပါအဝင် ရင်းမြစ်အသီးသီးကနေ တရားမဝင်ရရှိလာတဲ့ငွေကြေးတွေကို တရားဝင်အောင် နိုင်ငံအတွင်းမှာဖြစ်စေ၊ နိုင်ငံဖြတ်ကျော်၍ဖြစ်စေ ငွေကြေးခဝါချကြတဲ့အတွက် နိုင်ငံရဲ့စီးပွားရေး၊ အုပ်ချုပ်ရေး၊ ဘဏ္ဍာရေး၊ လူမှုရေးနဲ့ လုံခြုံရေးတို့အပေါ် နည်းလမ်းအမျိုးမျိုးနဲ့ ဆိုးကျိုးတွေဖြစ်ပေါ်စေပါတယ်။ ဒါကြောင့်လည်း ကမ္ဘာ့ဘဏ်နဲ့ နိုင်ငံတကာငွေကြေးအဖွဲ့တို့လို ကမ္ဘာ့အဖွဲ့အစည်းကြီးတွေက ငွေကြေးခဝါချမှုနဲ့ ဆက်စပ်နေတဲ့ ဒုစရိုက်ဂိုဏ်းတားဆီးနှိမ်နင်းရေးတွေ လုပ်ဆောင်နေကြပါတယ်။

ဒါပေမဲ့လို့ ငွေကြေးခဝါချမှုလုပ်ငန်းတွေဟာ နည်းပညာတွေ တိုးတက်ပြောင်းလဲလာတာနဲ့အတူ ပုံစံအမျိုးမျိုးပြောင်းပြီး ငွေကြေးခဝါချမှုတွေဟာ ရှင်သန်နေဆဲဖြစ်ပါတယ်။ ဒီလိုငွေကြေးခဝါချတဲ့ လုပ်ငန်းတွေကြောင့် ဖြစ်လာတဲ့ဆိုးကျိုးတွေထဲမှာဆိုရင် -

(၁) နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေခြင်း၊
(၂) သဘာဝမကျတဲ့ ကုန်ဈေးနှုန်းများ မြင့်တက်စေခြင်း၊
(၃) ဘဏ္ဍာရေးစနစ်အပေါ် ယုံကြည်မှုကျဆင်းစေခြင်း၊
(၄) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ကျဆင်းစေခြင်း၊
(၅) နိုင်ငံ၏အခွန်ဝင်ငွေ လျော့နည်းကျဆင်းစေခြင်း၊
(၆) နိုင်ငံ၏ တရားဥပဒေစိုးမိုးမှုနှင့် အုပ်ချုပ်ရေးစနစ်ကို အားနည်းစေခြင်း၊
(၇) ငွေကြေးနှင့် ဘဏ္ဍာရေးတည်ငြိမ်မှုကို ထိခိုက်စေခြင်း၊
(၈) ရာဇဝတ်မှုများ တိုးမြင့်စေခြင်း၊
(၉) နိုင်ငံသားများ၏ နေ့စဉ်လူမှုစီးပွားဘဝများအပေါ် ထိခိုက်စေခြင်း။

ဒီလိုဖြစ်လာတဲ့အကျိုးဆက်တွေကိုကြည့်ရင် ငွေကြေးခဝါချမှုဟာ နိုင်ငံအပေါ် ဘက်ပေါင်းစုံကနေ တဖြည်းဖြည်းလှိုက်စား ထိခိုက်စေတာ တွေ့ရပါတယ်။ ငွေကြေးခဝါချမှုတွေဟာ ဒုစရိုက်ဂိုဏ်းတွေနဲ့ ကိုယ်ကျိုးစီးပွားရှာသူတွေရဲ့ ဥပဒေချိုးဖောက်တဲ့ လုပ်ဆောင်မှုဖြစ်ပေမယ့် ဒီလုပ်ရပ်ဟာ ဒုစရိုက်လုပ်ငန်းတွေထက်ပိုတဲ့အတွက် ဖြစ်လာတဲ့ အကျိုးဆက်တွေက အများအကျိုးကို အဘက်ဘက်က ထိခိုက်စေတဲ့အပြင် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေပါတယ်။ ဒါကြောင့် ငွေကြေးခဝါချမှုတွေ ကြီးမားကျယ်ပြန့်လာတာနဲ့အမျှ နိုင်ငံရဲ့အကျိုးစီးပွားကို ပိုမိုထိခိုက်လာစေမှာဖြစ်ပါတယ်။ ။

**ကိုးကား -**


၁။ https://www.worldbank.org/ext/en/topic/financial-sector/financial-integrity-stability
၂။ Fakhri and WASSIM, TOUILI and HASSEN, TOUMI, The Effects of Money Laundering (ML) on Growth: Application to the Gulf Countries, 12 February 2016, https://mpra.ub.uni-muenchen.de/69510/
၃။ UNCTAD and UNODC, Conceptual Framework for the Statistical Measurement of Illicit Financial Flows (Vienna, 2020)
၄။ McDowell, J., & Novis, G. (2001). The consequences of money laundering and financial crime. Economic Perspectives, 6 (2), 6–8.)
၅။ Gjoni, Mario; Gjoni, Albana (Karameta); and Kora, Holta (Bako), "Money Laundering Effects" (2015). UBT International Conference. 16)
၆။ The consequences of money laundering and financial crime, Economic Perspectives, An Electronic Journal of the U.S. Department of State, Vol. 6, No. 2, May 2001
၇။ Critical measures needed to fight money laundering and terrorist financing, Financial Action Task Force (FATF), INTERPOL, & United Nations Office on Drugs and Crime (UNODC) 2025.
၈။ Anti-Money Laundering and Combating the Financing of Terrorism (AML/CFT), International Monetary Fund, 2023.


ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် AA အဖွဲ့ဝင် ၂၀ နှင့် PDF အမည်ခံအဖွဲ့ဝင် ၁၂ ဦးတို့ လက်နက်/ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်

နေပြည်တော် ဇူလိုင် ၂၉

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် AA အဖွဲ့ဝင်၂၀ နှင့် PDF အမည်ခံအဖွဲ့များမှ အဖွဲ့ဝင် ၁၂ ဦးတို့သည် လက်နက်/ခဲယမ်းများနှင့် အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။



ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသည့် ရခိုင်ပြည်နယ် ဂွမြို့နယ်မှ လေးဦး၊ မင်းပြားမြို့နယ်မှ တစ်ဦး၊ သံတွဲမြို့နယ်မှ ခြောက်ဦး၊ ရမ်းဗြဲမြို့နယ်မှ တစ်ဦး၊ မြေပုံမြို့နယ်မှ နှစ်ဦး၊ တောင်ကုတ်မြို့နယ်မှ တစ်ဦး၊ ချင်းပြည်နယ် ပလက်ဝမြို့နယ်မှ သုံးဦး၊ ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ တစ်ဦး၊ လေးမျက်နှာမြို့နယ်မှ တစ်ဦး စုစုပေါင်း AA အဖွဲ့ဝင် အမျိုးသား ၂၀ နှင့် ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ နှစ်ဦး၊ ပုသိမ်မြို့နယ်မှ နှစ်ဦး၊ ဓနုဖြူမြို့နယ်မှ နှစ်ဦး၊ လေးမျက်နှာမြို့နယ်မှ သုံးဦး၊ အင်္ဂပူမြို့နယ်မှ တစ်ဦး၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်မှ တစ်ဦး၊ ဒဂုံဆိပ်ကမ်းမြို့နယ်မှ တစ်ဦး စုစုပေါင်း PDF အဖွဲ့ဝင် အမျိုးသား ၁၁ ဦးနှင့် အမျိုးသမီး တစ်ဦးတို့ကို ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ဧရာဝတီခန်းမ၌ ပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်၊ တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက တရားဥပဒေများနှင့် ပတ်သက်၍ အသိပညာပေးစကားများ ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူပါလာသည့် MA-1အမျိုးအစားမောင်းပြန်ရိုင်ဖယ်နှစ်လက်၊ MA-2 အမျိုးအစား မောင်းပြန်ရိုင်ဖယ် တစ်လက်၊ BA-63 မောင်းပြန်ရိုင်ဖယ်နှစ်လက်၊ Type-81အမျိုးအစား ငါးလက်၊ M-22 အမျိုးအစား မောင်းပြန်ရိုင်ဖယ် တစ်လက်၊ LM-16 ပါရီ စက်လတ် တစ်လက်၊ AK-47 အမျိုးအစား မောင်းပြန်ရိုင်ဖယ် တစ်လက် စုစုပေါင်းလက်နက်မျိုးစုံ ၁၃ လက်၊ တရုတ်ကြိုးဆွဲ လက်ပစ်ဗုံး ခြောက်လုံး၊ ကျည်မျိုးစုံ ၄၅၆ တောင့်နှင့် ကျည်အိမ်မျိုးစုံ ၂၀ တို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လက်နက်/ခဲယမ်းများနှင့် အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား သေနတ်တစ်လက်လျှင် ဆုကြေးငွေကျပ်သိန်း ၅၀ နှုန်းဖြင့် သေနတ် ၁၃ လက်အတွက် ငွေကျပ်သိန်း ၆၅၀၊ လက်ပစ်ဗုံး ခြောက်လုံးအတွက် ဆုကြေးငွေကျပ် ၁၈ သိန်းနှင့် အလင်းဝင်ရောက်လာသူ တစ်ဦးလျှင် ငွေကျပ် သုံးသိန်းနှုန်းဖြင့် ၃၂ ဦးအတွက် ငွေကျပ် ၉၆ သိန်း စုစုပေါင်း ချီးမြှင့်ငွေကျပ် ၇၆၄ သိန်းအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ပေးအပ်ချီးမြှင့်ခဲ့ပြီး ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ မိဘအုပ်ထိန်းသူများထံ ပြန်လည် လွှဲပြောင်းအပ်နှံပေးကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ အုပ်ထိန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှ အဖွဲ့ဝင်များနှင့် PDF အမည်ခံအဖွဲ့များမှ အဖွဲ့ဝင်များသည် အတင်းအဓမ္မ စုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံ အဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက် လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် လူမျိုးရေးခွဲခြားဆက်ဆံမှုနှင့် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနှိပ်စက်သတ်ဖြတ်ခြင်း၊ အဓမ္မမှုများကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ် ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများကျန်ရှိနေသေးကြောင်း သိရှိရပြီး ယခုကဲ့သို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည် -

ကျွန်တော်ကတော့ AA တပ်ဖွဲ့ဝင် တစ်ယောက်ပါ။ ကျွန်တော် AA ထဲရောက်ရှိသွားတဲ့ အကြောင်းကတော့ ဒီကောင်တွေက တစ်အိမ်တစ်ယောက် မဖြစ်မနေ စစ်မှုထမ်းရမယ်ဆိုပြီးတော့ ပြောတယ်။ အဲဒီတော့ မလိုက်လို့ ရှောင်ပုန်းနေပြန်တော့လည်း ဒီကောင်တွေက အိမ်ကမိသားစုတွေကို အန္တရာယ်ပေးတယ်။ အိမ်ကမိသားစုကို ခြိမ်းခြောက်တာမျိုး၊ အိမ်ကို ချိပ်ပိတ်တာတွေ၊ ခေါ်ပေး မခေါ်ပေးရင် ရှိတဲ့သူဆွဲမယ်။ ဒီလိုနဲ့ ကျွန်တော်တို့AAထဲရောက်ခဲ့တယ်။ ဟိုရောက်တဲ့အခါ သင်တန်းတက်ရတယ်။ ဒီကောင်တွေက ရိုင်းစိုင်းအားကြီးတယ်။ ပြောတာဆိုတာ လုပ်တာကိုင်တာလည်း တစ်ခုမှမဟုတ်ဘူး။ စားတာသောက်တာကအစ အဆင်မပြေဘူး။ ကိုယ့်သားလောက်ရှိတဲ့ ကောင်လေးတွေကအစ အားလုံး အထက်အောက် ညှဉ်းပန်းနှိပ်စက်မှုကို ပြုလုပ်တယ်။ သင်တန်းဆင်း ပြန်တော့လည်း နေရထိုင်ရတာတွေ အဆင်မပြေဘူး။ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့နေရတယ်။ ကျွန်တော်တို့ဆိုရင် သင်တန်းဆင်းတာနဲ့ ရှေ့တန်းပို့တယ်။ ရှေ့တန်းပို့တဲ့အခါ ကျွန်တော်တို့မှာ လွယ်အိတ်လည်းမရှိဘူး။ ရှေ့တန်းရောက်တော့ တိုက်ပွဲတစ်ခါမှ မတိုက်ဖူးတဲ့သူကို တိုက်ဆိုတိုက်ရမယ်၊ မင်းတို့ပြန်မဆင်းလာနဲ့၊ မင်းတို့ တိုက် မနိုင်ရင်နိုင်အောင်တိုက်ရဖို့ဆိုတဲ့ အနေအထားမျိုးတွေရှိတယ်။ ကျွန်တော်တို့ ပြန်ပြေးချင်ပေမယ့်လည်း ပြေးလို့မရဘူး။ ကိုယ့်လူ အချင်းချင်းပစ်ဖို့ သေနတ်နဲ့ အဲဒီလိုမျိုး ခြိမ်းခြောက်မှုတွေရှိတယ်။ ကျွန်တော်တို့သူငယ်ချင်း





နှစ်ယောက်ရှိတယ်။ ပြေးမယ်လို့ပြောလိုက်တယ်။ ဒီနေရာမှာ ဒီအဖွဲ့အစည်းမှာ မနေတော့ဘူး။ အဆင်မပြေဘူး။ ပြေးမယ်လို့ ဆုံးဖြတ်လိုက်တယ်။ သူငယ်ချင်းနှစ်ယောက် ပြေးလာတာပေါ့။ ပြေးလာတော့ သူငယ်ချင်းသေနတ်တွေပါယူဆိုပြီး သေနတ်တွေပါ ပါလာခဲ့တယ်။ ဒီကောင်တွေက သေနတ်ပါတဲ့အခါကျတော့ အမိအရ လိုက်တယ်။ အမိအရလိုက်ပြီး လမ်းမှာလိုက်ဖမ်းတယ်။ ကျွန်တော့်ကို လိုက်ဖမ်းတော့ ကျွန်တော်နဲ့ တိုက်ပွဲဖြစ်တယ်၊ အချင်းချင်း ကျွန်တော်လည်း ပြန်ပစ်တယ်။ ကျွန်တော့်သူငယ်ချင်းက ပြန်မပစ်တဲ့အတွက် အဖမ်းခံသွားပါတယ်။ ကျွန်တော်ကတော့ ပြန်ပစ်တဲ့အတွက် ကျွန်တော့်ကိုတော့ လိုက်ပြီး မဖမ်းတော့ဘူး။ ကျွန်တော်ကတော့ အန္တရာယ်ကင်းကင်းနဲ့ပဲ ဒီဘက်ရောက်လာတယ်။ ဒီဘက်ရောက်တော့လည်း ရောက်တာနဲ့ နေရထိုင်ရတာကအစ အားလုံးအဆင်ပြေပါတယ်။ ကျွန်တော်ပြောနေတဲ့ အသံဖိုင်ကို AA မှာ ကျန်ခဲ့တဲ့ ညီတွေ၊ သူငယ်ချင်းတွေ တွေ့ရင် ကျွန်တော့်လိုပဲ အလင်းဝင်ပါ။ ဒီဘက်မှာ တချို့ကစိုးရိမ်တာတွေရှိတယ်။ ဒီဘက်ရောက်ရင် ဖမ်းဖို့လား၊ အဲဒီလိုမျိုးလည်း မဖမ်းဘူး။ နှိပ်လည်းမနှိပ်စက်ဘူး။ အေးအေးဆေးဆေးကြိုဆိုတယ်။ အေးအေး ဆေးဆေးထားတယ်။ အေးအေး ဆေးဆေးအိပ်ရတယ်။ ကျွန်တော်ပြောချင်တာက ရခိုင်မှာကျန်ခဲ့တဲ့ ကျွန်တော့်သူငယ်ချင်းတွေ ရှေ့တန်းစစ်မြေပြင်ရောက်နေတဲ့ သူငယ်ချင်းတွေကို ဒီဗီဒီယိုဖိုင်ကြည့်ပြီးတော့ အလင်း ဝင်စေချင်ပါတယ်။ တပ်မတော်ဘက်ကို ရောက်တော့ ကောင်းကောင်းမွန်မွန် နွေးနွေးထွေးထွေးကြိုဆိုတယ်။

ကျွန်မ ယောကျ်ားနဲ့ PDF ထဲကို ဝင်တယ်။ ဝင်ပြီးတော့ ရခိုင်ဘက်မှာ နေခဲ့ရတယ်။ ပြီးတော့ သင်တန်းတုန်းက ရိုက်နှက်တာတွေရှိတယ်။ အဲဒါတွေ မြင်တွေ့ရတယ်။ ကျွန်မတို့တွေ မသုံးမစွဲ မစားမသောက်ဘဲ နေခဲ့ရတယ်။ သတင်းပေးပြန်တော့ လည်း ဘယ်သူသုံးခိုင်းတာလဲ ဘာလဲနဲ့ အဲဒီလိုမျိုးတွေ လုံးဝကို စိတ်ဖိစီးမှုတွေ များတယ်။ တစ်ကယ်လို့ ထွက်ပြေးသွားပြီး ပြန်မိလာပြီဆိုရင် အသားကုန်ရိုက်တယ်။ အဲဒီတော့ ကျွန်မတို့ အလင်းဝင်ဖို့ဆိုတာ တော်တော်ကို ကြောက်တာ။ ဒီဘက်မှာတောင် ဒီလောက်ရိုက်နေရင် ဟိုဘက်ကလည်း အဲဒီလို ရိုက်နှက်မှာပဲဆိုပြီးတော့ နှိပ်စက်တယ်။ လူတွေကို ကြောက်စိတ်တွေဖြစ်အောင် သွင်းပေးထားတာပါ။ အမြဲတမ်းကြောက်စိတ်ဖြစ်တယ်။ ပြီးတော့ လူတစ်ယောက်မှာ ပစ္စည်း ဘာပါလဲ၊ ရွှေပါလား ရွှေသိမ်းတယ်။ ပိုက်ဆံပါလား၊ ပိုက်ဆံ ဘယ်နှစ်သိန်းပါလဲ၊ သိမ်းတယ်။ ပြီးရင် ဆိုင်ကယ်ပါလား ဆိုင်ကယ်သိမ်းတယ်။ သူတို့မှာ အမြတ်ကြီးစားဂုတ်သွေးစုပ် အဲဒီလိုကြီးပဲလုပ်နေတယ်။ သူတို့မှာ အဲဒီစိတ်ဓာတ်အမြဲရှိတယ်။ ဖုန်းသုံးရတာကအစ အဆင်မပြေဘူး။ ဘယ်သူနဲ့မှလည်း အဆက်အသွယ်မရဘူး။ ကိုယ်မရှိရင် ကိုယ်မစားရဘူး။ နောက်ကျတော့ ကျွန်မကျန်းမာရေး မကောင်းလို့ဆိုပြီးတော့ အကြောင်းပြတယ်။ ကျန်းမာရေးတော်တော်မကောင်းဖြစ်လို့ ဆေးရုံသွားပါရစေ။ ကျွန်မယောကျ်ားနဲ့ပဲ အတူတူနေပါရစေတော့လို့ တင်ပြတော့ ကျွန်မ အချုပ်ထောင်ထဲမှာ နေရပါတယ်။ မိန်းကလေး အချုပ်ထောင်မှာကျတော့ တာဝန်နဲ့နေရပါတယ်။ နေပြီးတော့ နှစ်လပိုင်းလောက်မှာ ကျွန်မယောကျ်ား အလင်းဝင်သွားတယ်။ အဲဒီမှာနေရာက ကွဲနေတော့ ကျွန်မကို မခေါ်နိုင်ဘူး။ အလင်းဝင်သွားပြီးတဲ့ နောက်ပိုင်းမှာ ကျွန်မကိုလည်း စောင့်ကြည့်နဲ့ပဲထားတယ်။ အချုပ်သားတွေနဲ့ မိန်းကလေးနှစ်ယောက်၊ ယောကျ်ားလေး လေးယောက်၊ ကလေးတစ်ယောက်နဲ့ ကျွန်မ အဲဒီမှာ ညဘက်ကြီး ထွက်ပြေးတယ်။ ဒီဘက်ကို အလင်းဝင်ခဲ့တယ်။ ကျွန်မတို့ ကြားထားတာက ဒီဘက်ကို အလင်းဝင်လို့ရှိရင် ရိုက်နှက်တယ်။ အဆင်မပြေဘူးလို့ ကြားထားပါတယ်။ တကယ်တော့ ရောက်လာတဲ့အချိန်မှာ လုံးဝတခြားစီပါ။ နွေးနွေးထွေးထွေး ဆက်ဆံပါတယ်။ ကျွန်မတို့ ထင်ထားတာထက်တောင် ပိုကောင်းပါတယ်။ ကျွန်မတို့က အဲဒီလိုတောင် မထင်ထားပါဘူး။ အမြဲနှိပ်စက်မယ်လို့တောင် ထင်ထားတာပါ။ ကျွန်မတို့ လမ်းမှားကို ရောက်သွားတော့ ကျွန်မမိဘတွေတောင် မသိပါဘူး။ ဒါပေမဲ့ ဒီကနေပြီးတော့ပဲ ကျွန်မမိဘတွေကို တောင်းပန်ပါတယ်။ ကျွန်မတို့ လမ်းမှားရောက်သွားတယ်။ အခုလိုအချိန်မှာ ကျွန်မတို့ ပြန်ရမယ်ဆိုရင်တော့ အလွန်ဝမ်းသာပါတယ်။ အမေ့ကို မတွေ့ရတာ တော်တော်ကြာပြီဆိုတော့ အဖေနဲ့အမေနဲ့လည်း ဝမ်းသာမယ်လို့ မျှော်လင့်ပါတယ်။ တပ်မတော်က အခုလို နွေးနွေးထွေးထွေးကြိုဆိုပေးတဲ့အတွက် ကျွန်မတို့က ကျေးဇူးတင်ပါတယ်။

သတင်းစဉ်

## ဒုတိယဝါဆိုလပြည့်နေ့တွင် မိုးညှင်းသမ္ဗုဒ္ဓေစေတီတော်သို့ ဘုရားဖူးအများအပြား လာရောက်

**မုံရွာ ဇူလိုင် ၂၉**

မုံရွာမြို့တောင်ဘက်ရှိ ကမ္ဘာကျော် မိုးညှင်းသမ္ဗုဒ္ဓေစေတီတော်သို့ ဒုတိယဝါဆိုလပြည့်နေ့တွင် ဘုရားဖူးအများအပြား လာရောက်ဖူးမြော်ကြကြောင်း တွေ့ရသည်။



မိုးညှင်းသမ္ဗုဒ္ဓေစေတီတော်သို့ မုံရွာမြို့ပေါ်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဆိုင်ကယ်၊ ကား၊ ဆိုင်ကယ်ဆိုက်တွဲ၊ မြင်းလှည်း၊ စက်ဘီးများဖြင့် ဘုရားဖူးလာရောက်ကြခြင်းဖြစ်ပြီး မုံရွာမြို့ပေါ်မှ အငှားသုံးဘီးယာဉ်များ (အိုးဝေ) အထူးအလုပ်ဖြစ်ခဲ့သည်။

သမ္ဗုဒ္ဓေ စေတီတော်ကြီးကို ကျေးဇူးရှင် မိုးညှင်းဆရာတော်ဘုရားကြီးသည် သက္ကရာဇ် ၁၃၀၁ ခုနှစ်ဝါဆိုလဆန်း ၅ ရက်နေ့မှ စတင်၍ မုံရွာမြို့နယ် မြေနဲ၊ အောင်သာ၊ ဆည်ကြီးတော၊ မင်းရွာတို့အလယ်ရှိ ၂၇ ဧက ကျယ်ဝန်းသော မိုးညှင်းတောရ တိုက်တော်ကြီး အတွင်း တည်ဆောက်လာခဲ့ရာ ၁၃၁၄ ခုနှစ် တပေါင်းလဆုတ် ၃ ရက်နေ့တွင် လုံးဝပြီးစီး အောင်မြင်ခဲ့ကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

## လှည်းကူးမြို့နယ်၌ ခရိုင်အဆင့် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုး

**လှည်းကူး ဇူလိုင် ၂၉**

လှည်းကူးမြို့နယ် ကံ့ကော်ကျွန်းကျေးရွာရှိ ဓမ္မာစရိယဥယျာဉ်ဘုန်းကြီးကျောင်းဝင်းတွင် ၂၀၂၆ ခုနှစ် ခရိုင်အဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ လှည်းကူးမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးအောင်မျိုးနိုင်နှင့်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဦးကျော်မင်းထွန်း၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပျိုးပင် ၃၁၃၇ ပင်အား စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။ **အိရွှေစင်လတ်(လှည်းကူး)**



## လေးမျက်နှာမြို့နယ်၌ ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကျင်းပ

**လေးမျက်နှာ ဇူလိုင် ၂၉**

ဧရာဝတီ တိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနကကြီးမှူး၍ စက်မှု၊ စိုက်ပျိုး၊ မွေးမြူပညာရေးမှသည် ဒေသဖွံ့ဖြိုးရေးဆီသို့ ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ယမန်နေ့က ခမောက်စုကျေးရွာ အခြေခံပညာအထက်တန်းကျောင်းနှင့် အိုင်သပြုကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခန်းမတို့၌ ကျင်းပသည်။



ဆွေးနွေးပွဲကို ဟသ်ာတခရိုင် အစိုးရနည်းပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးမင်းမင်းဦး၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး၊ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးမှူးတို့က အစီအစဉ် ညှိနှိုင်းရေးမှူးအဖြစ် ပါဝင်ဆွေးနွေးကြသည်။ ထို့ပြင်တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးကြည်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဒေါ်စန်းစန်းချိုတို့က ဒေသ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများ၏ အရေးပါမှုနှင့် သင်တန်းကျောင်းများသို့ တက်ရောက် သင်ယူခြင်းဖြင့် အရည်အသွေးမြင့် ကျွမ်းကျင်မှုများရရှိနိုင်ကာ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ခြင်း၊ သင်တန်းကျောင်းများ၏ သင်ကြားပို့ချမှုစနစ်၊ လက်တွေ့ကျွမ်းကျင်မှုများရရှိနိုင်သည့် အားသာချက်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## လှိုင်မြို့နယ်၌ နိုင်ငံ့ဝန်ထမ်းပင်စင်စား အငြိမ်းစားများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**လှိုင် ဇူလိုင် ၂၉**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်တွင် နိုင်ငံ့ဝန်ထမ်းပင်စင်စား အငြိမ်းစားများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခြင်းကို ယမန်နေ့နံနက် ၈ နာရီက မြန်မာ့စီးပွားရေးဘဏ်(ကမာရွတ်ဘဏ်ခွဲ)တွင် ပြုလုပ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ရန်ကုန်မျက်စိအထူးကုဆေးရုံကြီးမှ ဆရာဝန်ကြီးများနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများပူးပေါင်း၍ ကမာရွတ်ဘဏ်ခွဲသို့ ပင်စင်လာထုတ်သောနိုင်ငံ့ဝန်ထမ်းပင်စင်စားအငြိမ်းစားများအား ဆီးချို၊ သွေးတိုးနှင့် မျက်စိစမ်းသပ်စစ်ဆေးခြင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး စုစုပေါင်း အငြိမ်းစားနှင့်ဝန်ထမ်း ၁၃၀ တို့အား နံနက် ၈ နာရီမှ မွန်းလွဲ ၂ နာရီအထိ စမ်းသပ်စစ်ဆေးဆောင်ရွက်ပေးခဲ့ကြသည်။

**ဇော်ဇော်နိုင်(ပြန်/ဆက်)**



## ဥတ္တရသီရိမြို့နယ် ပန်းတင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

**ဥတ္တရသီရိ ဇူလိုင် ၂၉**

နေပြည်တော် ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျှော့ချစေရန်ရည်ရွယ်၍ မိုးစွေကျေးရွာအုပ်စု ပန်းတင်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယမန်နေ့နံနက်ပိုင်းက ပန်းတင်ကျေးရွာ၌ ပြုလုပ်သည်။

အခမ်းအနားတွင် စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးဒေါ်မြင့်မြင့်ဝင်းက မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၁၆၀၀၀၀၀ လွှဲပြောင်းပေးအပ်သည်။



ထို့နောက်မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဥတ္တရသီရိမြို့နယ်၊ ပန်းတင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၆၇၅၀၀၀၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၉ ဦးကို ငွေကျပ် ၂၃၂၅၀၀၀၀ နှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၃ ဦးကို ငွေကျပ် ၂၁၆၀၀၀၀၀ နှင့် အသင်းသား အသင်းသူ စုစုပေါင်း ၈၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းအပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၁၆၀၀၀၀၀ ကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဖြိုးကျော်(ပုံတောင်မြေ)**



## ချမ်းအေးသာစံမြို့နယ်၌ သမဝါယမအသင်းလီမိတက် နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

**ချမ်းအေးသာစံ ဇူလိုင် ၂၉**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ရွှေပြည်သစ် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်နှင့် ပြည့်စုံချမ်းသာ သမဝါယမအသင်းလီမိတက်တို့၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်ပွဲကို တိုင်းဒေသကြီးသမဝါယမဦးစီးဌာန၌ ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းဌေးနှင့် ချမ်းအေးသာစံမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမာဌေးတို့က အမှာစကားပြောကြားသည်။ ထို့နောက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာ ဖတ်ကြားခြင်း၊ ဘဏ္ဍာရေးရှင်းတမ်း၊ အမြတ်ခွဲဝေစာရင်းနှင့် ရှေ့လုပ်ငန်းစဉ်များကို တာဝန်ရှိသူများက ဖတ်ကြားသည်။

ထို့နောက် ရွှေပြည်သစ်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်နှင့် ပြည့်စုံချမ်းသာ သမဝါယမအသင်းလီမိတက် အမှုဆောင်အဟောင်းအဖွဲ့ နှုတ်ထွက်ခဲ့ပြီး အသင်းအမှုဆောင်နှင့် အသင်းစာရင်းစစ်များအား အဆိုပြုထောက်ခံစနစ်ဖြင့်ရွေးချယ်ခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့မောင်(ချမ်း/စံ)**

■

# ကမ္ဘောဒီးယားနှင့် အင်ဒိုနီးရှားနှစ်နိုင်ငံက အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်မည်




ဖနောင်ပင် ဇူလိုင် ၂၉

ကမ္ဘောဒီးယားနှင့် အင်ဒိုနီးရှား နှစ်နိုင်ငံက အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ကမ္ဘောဒီးယား၏ အွန်လိုင်းလိမ်လည်မှုများ တိုက်ဖျက်ရေးကော်မရှင်၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

နည်းပညာအခြေပြု လိမ်လည်မှုများကို ရှုပ်ထွေးလှသော ကမ္ဘာလုံးဆိုင်ရာ ပြဿနာတစ်ခုအဖြစ် ဖော်ပြထားသည်။

အွန်လိုင်းလိမ်လည်မှုများ တိုက်ဖျက်ရေးကော်မရှင် အတွင်းရေးမှူးရုံး၏ အကြီးအကဲ ကမ္ဘောဒီးယား အကြီးတန်းဝန်ကြီး ချာဟေဆီနာရစ်နှင့် အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီး အာရစ်ဖ် ဟာဗာစ်အိုဂရိဆီနိုတို့က ဇူလိုင် ၂၃ ရက်တွင် မြို့တော်ဖနောင်ပင်၌ တွေ့ဆုံစဉ်အထက်ပါ ပူးပေါင်းဆောင်ရွက်မှုနှင့် ပတ်သက်ပြီး ကတိကဝတ်ကို ချမှတ်ခဲ့ခြင်းဖြစ်သည်။

အွန်လိုင်းလိမ်လည်မှု များကို တိုက်ဖျက်ရန် အတွေ့အကြုံများ မျှဝေရန်နှင့် နောက်ထပ်တန်ပြန်အစီအမံများကို ဆွေးနွေးရန်အတွက် ကမ္ဘောဒီးယားနိုင်ငံက စက်တင်ဘာ ၂၃ ရက်မှ ၂၄ ရက်အထိ ဖနောင်ပင်မြို့တော်၌ အွန်လိုင်းလိမ်လည်မှုများ တိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာညီလာခံကို လက်ခံကျင်းပမည်ဖြစ်ကြောင်း ပြောကြားသည်။

**ပြောကြား**

အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီး အာရစ်ဖ် ဟာဗာစ်အိုဂရိဆီနိုက ကမ္ဘောဒီးယား၏ အွန်လိုင်းလိမ်လည်မှုဆိုင်ရာ နှိမ်နင်းမှုများကို ချီးကျူးဂုဏ်ပြုပြီး အွန်လိုင်းလိမ်လည်မှုများကို ဖြို့ခွင်းရန် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တစ်ရပ်ကို ဖွဲ့စည်းသင့်ကြောင်း ထောက်ပြပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံသည် အများပြည်သူဘေးကင်းရေးအတွက် ဆိုက်ဘာလိမ်လည်မှုကွန်ရက်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နှိမ်နင်းလျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇွန်လမှ ၂၀၂၆ ခုနှစ် ဇွန်လအတွင်း ကာလစီနီ ၇၂ ခုအပါအဝင် နိုင်ငံတစ်ဝန်းရှိ အွန်လိုင်းလိမ်လည်မှုစင်တာ ၇၃၇ ခုကို ပိတ်ပစ်ခဲ့သည်။ ယခုနှစ် ဇွန်လအထိ ဤတရားမဝင်လုပ်ငန်းများနှင့် ဆက်စပ်၍ နိုင်ငံပေါင်း ၃၈ နိုင်ငံမှ နိုင်ငံခြားသား ၂၁၁၀၂ ဦးကို နှင်ထုတ်ခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

# ဂျပန်နိုင်ငံရှိ အရောင်းဈေးဝယ်စင်တာတွင် ဓလျင်လှုပ်ခတ်ပြီး ပေါက်ကွဲမှုဖြစ်




တိုကျို ဇူလိုင် ၂၉

ဂျပန်နိုင်ငံ ကူမာမိုတိုစီရင်စု ကာရှီမာမြို့ရှိ အရောင်းဈေးဝယ်စင်တာတွင် ပြင်းအား မဂ္ဂနီကျူ ၇ ဒသမ ၁ အဆင့်ရှိ ငလျင်လှုပ်ခတ်အပြီး ပေါက်ကွဲမှုဖြစ်ခဲ့ကြောင်း မီးနှင့် သဘာဝဘေးစီမံခန့်ခွဲရေးအေဂျင်စီက ဇူလိုင် ၂၉ ရက်တွင် ပြောကြားသည်။

ပေါက်ကွဲမှုကြောင့် အဆိုပါဈေးဝယ်စင်တာ ဒုတိယထပ်ပြိုကျခဲ့သည်။ အဆိုပါ ပေါက်ကွဲမှုတွင် ဈေးဝယ်စင်တာအတွင်းရှိ ဒေသခံသုံးဦးသေဆုံးပြီး အများအပြား ပိတ်မိနေကြောင်း ဝန်ကြီးချုပ် တာကာချီဆာနေးက ပြောကြားသည်။

ထို့ပြင် ငလျင်လှုပ်ခတ်မှုကြောင့် ၁၃ ဦး သေဆုံးကြောင်း ဝန်ကြီးချုပ် တာကာချီဆာနေးက ပြောကြားသည်။

ဈေးဝယ်သူများ၊ ဆိုင်လုပ်သားများနှင့် အခြားသူများ စုစုပေါင်း၂၀၀ အား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပြီးသည့်အချိန်တွင် ပေါက်ကွဲမှုဖြစ်ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ အဆိုပါ ငလျင်လှုပ်ခတ်မှုအတွင်းဗီယက်နမ်နိုင်ငံသားတစ်ဦးသေဆုံးပြီး အခြားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဂျပန်နိုင်ငံရှိ ဗီယက်နမ်သံရုံး၏ အလုပ်သမားစီမံခန့်ခွဲမှု ဘုတ်အဖွဲ့၏ ထုတ်ပြန်ချက်ကို ကိုးကား၍ ဗီယက်နမ် သတင်းအေဂျင်စီက သတင်းထုတ်ပြန်ခဲ့သည်။

သေဆုံးသူသည် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလတွင် ကူမာမိုတိုစီရင်စုရှိ ကူမာမိုတို ဟိုတိုဇူကူရီ သမဝါယမ၏ နည်းပညာဆိုင်ရာ အလုပ်သင် သင်တန်းအစီအစဉ်အရ ဂျပန်နိုင်ငံသို့ ရောက်ရှိလာခဲ့သည်။ ၎င်းသည် ငလျင်လှုပ်ခတ်မှုအတွင်း ပြိုကျခဲ့သည့် ကရိန်းအောက်တွင် ပိတ်မိရာမှ သေဆုံးခဲ့ခြင်းဖြစ်သည်။

နောက်ထပ် ဖြစ်ရပ်တစ်ခုတွင် ကူမာမိုတိုစီရင်စု ယူကီမြို့တွင် နေထိုင်သော ဗီယက်နမ်အမျိုးသမီးသည် ငလျင်လှုပ်ခတ်စဉ် ၎င်း၏ အိမ်နံရံပြိုကျမှုကြောင့် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - စိုးသူရ

# ယခုနှစ် ပထမနှစ်ဝက်အတွင်း တရုတ်နိုင်ငံ၏ လျှပ်စစ်ကားအားသွင်းရုံ အခြေခံအဆောက်အအုံ အရေအတွက်မြင့်တက်

ပေကျင်း ဇူလိုင် ၂၉

တရုတ်နိုင်ငံ၏ လျှပ်စစ်ကားအားသွင်းရုံ အခြေခံအဆောက်အအုံ အရေအတွက်သည် ၂၀၂၆ ခုနှစ် ပထမနှစ်ဝက်တွင် အလျင်အမြန် မြင့်တက်လာခဲ့ပြီး ဇွန်လကုန်တွင် စုစုပေါင်းအားသွင်းစက်ရုံ ၂၃ ဒသမ ၀၆ သန်းအထိ ရောက်ရှိခဲ့ကာ ယခင်နှစ်ထက် ၄၃ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း အမျိုးသားစွမ်းအင်စီမံခန့်ခွဲရေးဌာနမှ ထုတ်ပြန်သည့်အချက်အလက်များအရ သိရသည်။

နိုင်ငံအတွင်း အများပြည်သူသုံး လျှပ်စစ်အားသွင်းရုံ ငါးသန်းကျော်ရှိပြီး ယခင်နှစ်ထက် ၂၂ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။ ပုဂ္ဂလိက အားသွင်းစက်ရုံ အရေအတွက် ၁၈ ဒသမ ၀၅ သန်းအထိ ရောက်ရှိခဲ့ပြီး ယခင်နှစ်ထက် ၅၀ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။

အဝေးပြေးလမ်းမကြီးများပေါ်တွင် ပျမ်းမျှနေ့စဉ်အားသွင်းမှု ပမာဏမှာ ၁၈ ဒသမ ၉၉ သန်းကီလိုဝပ်နာရီအထိ ရောက်ရှိခဲ့ပြီး ယခုနှစ် နွေဦးပွဲတော် ရုံးပိတ်ရက်ကာလကထက် ၁၄ ဒသမ ၀၉ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။ တစ်ချိန်တည်းမှာပင် ခရိုင်နှင့် မြို့နယ်များရှိ အားသွင်းကွန်ရက် အားကောင်းလာခဲ့ပြီး ဇွန်လကုန်တွင် ခရိုင်အဆင့် လွှမ်းခြုံမှုသည် ၉၈ ဒသမ ၆၁ ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

# အိန္ဒိယနိုင်ငံ အာသံပြည်နယ်၌ ရေကြီးရေလျှံမှုဖြစ်

နယူးဒေလီ ဇူလိုင် ၂၉

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း အာသံပြည်နယ်တွင် ရေကြီးရေလျှံမှုများကြောင့် သေဆုံးသူဦးရေ ၇၅ ဦးအထိ မြင့်တက်လာပြီး နောက်ထပ်လူရှစ်ဦး ပျောက်ဆုံးနေကြောင်း တာဝန်ရှိသူများက ဇူလိုင် ၂၉ ရက်တွင် ပြောကြားသည်။

ဆီဗက်ဆာဂါခရိုင်တွင် သေဆုံးမှုအများဆုံး ၃၇ ဦး၊ ချာရိုင်ဒီအိုခရိုင်တွင် သေဆုံးသူ ၂၀ နှင့် ဂျော်ဟတ်ခရိုင်တွင် ကိုးဦးရှိကြောင်း အာသံပြည်နယ် ဝန်ကြီးချုပ် ဟီမန်တာဘစ်ဝါဆာမာက ပြောကြားသည်။



ခရိုင် ၂၅ ခုရှိ ရွာပေါင်း ၂၁၈၅ ရွာတွင် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ကာ ပြည်နယ်အတွင်း ရေကြီးရေလျှံမှုကြောင့် လူပေါင်း ၁ ဒသမ ၁၄ သန်း ထိခိုက်ခံစားခဲ့ရသည်။

ကယ်ဆယ်ရေးစခန်း ၂၁၅ ခု ဖွင့်လှစ်ထားပြီး လူပေါင်း ၇၁၃၁၂ ဦး ခိုလှုံနေထိုင်လျက်ရှိသည်။

ရေကြီးရေလျှံမှုကြောင့် အိမ် ၁၃၆၈ လုံး ပျက်စီးခဲ့ပြီး စိုက်ပျိုးမြေ ၄၅၃၄၁ ဟက်တာ ရေအောက်တွင် နစ်မြုပ်နေကြောင်း အာသံပြည်နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့က ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

# နိုင်ငံအများအပြားက ငလျင်သင့် ဂျပန်ပြည်သူများအပေါ် စာနာထောက်ထားကြောင်းနှင့် အကူအညီများပေးအပ်ရန် ကမ်းလှမ်း

တိုကျို ဇူလိုင် ၂၉

ဂျပန်နိုင်ငံ ကူမာမိုတိုစီရင်စုတွင် ပြင်းထန်သော ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် နိုင်ငံအများအပြားက ဂျပန်နိုင်ငံအပေါ် စာနာထောက်ထားကြောင်း ဖော်ပြခဲ့ကြပြီး အကူအညီများ ပေးအပ်ရန်လည်း ကမ်းလှမ်းခဲ့ကြသည်။ ငလျင်ဘေးသင့် ဂျပန်ပြည်သူများအပေါ် စာနာမိကြောင်းနှင့် နိုင်ငံအဆင့် တာဝန်ရှိသူများက ကယ်ဆယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်မှုများကို ဦးဆောင်လုပ်ဆောင်နေသည်ကို သိရှိထားသော်လည်း လိုအပ်ပါက ကူညီပံ့ပိုးပေးရန် အသင့်ရှိနေပါကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ ဒုတိယပြောရေးဆိုခွင့်ရှိသူ ဖာဟန်ဟတ်က သတင်းထောက်များအား ပြောကြားခဲ့သည်။

အလားတူ ဘရာဇီးသမ္မတ လူလာဒါဆေးဗားက ဂျပန်နိုင်ငံ၌ ငလျင်လှုပ်ခတ်ခဲ့သည့် သတင်းကို ကြားသိရပြီးနောက် အလွန်ဝမ်းနည်းကြေကွဲမိကြောင်း လူမှုကွန်ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဂျပန်ပြည်သူများ အထူးသဖြင့် ဘေးဒုက္ခခံစားခဲ့ရသူများနှင့် ဝန်ကြီးချုပ် တာကာချီဆာနေးတို့အပေါ် စိတ်ရင်းအမှန်ဖြင့် စာနာထောက်ထားမှုနှင့် အားပေးထောက်ခံမှုတို့ကို ဘရာဇီးသမ္မတ လူလာဒါဆေးဗားက ဖော်ပြခဲ့သည်။ အီတလီဝန်ကြီးချုပ် ဂျော်ဂျီယာမယ်လိုနီကလည်း ဘေးဒုက္ခခံစားခဲ့ရသူအားလုံးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေကြသူများအပေါ် စာနာထောက်ထားကြောင်း လူမှုကွန်ရက်မှတစ်ဆင့် ဖော်ပြခဲ့သည်။

မိတ်ဆွေဖြစ်သူ ဂျပန်ဝန်ကြီးချုပ်နှင့် ဂျပန်နိုင်ငံသား အားလုံးထံသို့ အီတလီအစိုးရ၏ စာနာထောက်ထားမှုနှင့် အားပေးထောက်ခံမှုများကို ပေးပို့ပါကြောင်း အီတလီဝန်ကြီးချုပ် ဂျော်ဂျီယာ မယ်လိုနီက ပြောကြားခဲ့သည်။ ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်

# မလေးရှားခရီးသွားနှစ်အတွင်း တရုတ်ခရီးသွားများ မလေးရှားနိုင်ငံအတွင်း စံချိန်တင်ဝင်ရောက်

ကွာလာလမ်ပူ ဇူလိုင် ၂၉

၂၀၂၆ မလေးရှားခရီးသွားနှစ်ဆိုင်ရာ မူဝါဒများအရ တရုတ်ခရီးသွားများ မလေးရှားနိုင်ငံတွင်းသို့ စံချိန်တင်ဝင်ရောက်ခဲ့ပြီး ခရီးသွားလုပ်ငန်းအား အောင်မြင်စွာ ဆောင်ရွက်ခဲ့ကြောင်း မလေးရှားတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မလေးရှားနိုင်ငံသည် အာဆီယံဒေသတွင်း ထင်ရှားသည့် ခရီးသွားနေရာတစ်ခုဖြစ်ကြောင်း သက်သေပြနိုင်ခဲ့သဖြင့် ယခုနှစ် နွေရာသီအားလပ်ရက်များအတွင်း တရုတ်ခရီးသွားများ နိုင်ငံအတွင်းသို့ရောက်ရှိလာခဲ့ကြောင်း မလေးရှားခရီးသွားလုပ်ငန်းဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် လီထိုင်ဟန်းက ပြောကြားသည်။ တရုတ်နိုင်ငံနှင့် မလေးရှားနိုင်ငံတို့ကြားခရီးသွားလုပ်ငန်းဆိုင်ရာ အပြန်အလှန်ဖလှယ်မှုများဆောင်ရွက်ခဲ့ပြီး လက်ရှိချမှတ်ထားသည့်မူဝါဒများအရ လက်ဆုပ်လက်ကိုင်ပြနိုင်သည့် အောင်မြင်မှုများရရှိခဲ့ကြောင်းနှင့် နှစ်နိုင်ငံခေါင်းဆောင်များချမှတ်ခဲ့သည့် ပြည်ဝင်ခွင့် ဗီဇာကင်းလွတ်ခွင့်ပြုသည့်မူဝါဒကြောင့်လည်း အပြုသဘောဆောင်သည့် အကျိုးကျေးဇူးများရရှိခဲ့ကြောင်း ၎င်းကပြောကြားသည်။ ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

## ရန်ကုန်-နေပြည်တော်လမ်းပိုင်း၌ ပြေးဆွဲပေးလျက်ရှိသည့် အမှတ်(၃၂)အစုန် DEMU ရထားတွဲဆိုင်းကို ခဲဖြင့်ပေါက်သူအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိ




အမှတ် (၃၂)အစုန် နေပြည်တော်-ရန်ကုန် DEMU လူစီးအမြန်ရထား ခဲဖြင့်ပစ်ပေါက်ခံရမှုကြောင့် အတက်/အဆင်းတံခါးပေါက်မှန်ကြေမွအက်ကွဲမှုကို တွေ့ရစဉ်။

**နေပြည်တော် ဇူလိုင် ၂၉**

မြန်မာ့မီးရထား အနေဖြင့် ရထားစီး ခရီးသွားပြည်သူများ ပိုမိုစိတ်ချမ်းမြေ့စွာ သွားလာနိုင်စေရေးအတွက် ခေတ်မီလေအေးပေးစက်ပါ DEMU တွဲဆိုင်းသစ်များဖြင့် လူစီးအမြန်ရထားများ ပြေးဆွဲပေးလျက်ရှိရာ ယနေ့မွန်းလွဲ ၃ နာရီ ၅ မိနစ်တွင် အမှတ်(၃၂)အစုန် နေပြည်တော်-ရန်ကုန် DEMU လူစီးအမြန်ရထားသည် သဃ်န်းကျွန်းနှင့် မလွကုန်းဘူတာအကြား မိုင်တိုင် အမှတ် ၃/၉-၁၀ သုဝဏ္ဏခုံးတံတားကိုဖြတ်သန်းစဉ် ရထား၏ ညာဘက်မှ ခဲဖြင့်ပစ်ပေါက်ခံရမှုကြောင့် ရထားတွဲဆိုင်းပါ ပထမဆုံးတွဲအမှတ် DEMU F(C)-4029 ၏ ညာဘက်ခြမ်း ခရီးသည်အတက်/ အဆင်းတံခါးပေါက် အောက်ဆုံးမှန်ထိမှန်၍ ကြေမွအက်ကွဲမှုဖြစ်ပွားပြီး ခရီးသည်များထိခိုက်မှု မရှိကြောင်း သိရသည်။

ဖြစ်ပွားရာနေရာသို့ သဃ်န်းကျွန်းရထားရဲစခန်းနှင့် တိုးကြောင်ကလေးရထားရဲစခန်း တာဝန်ရှိသူများ သွားရောက်၍ တရားခံဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပြီး ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေနှင့်အညီ အရေးယူနိုင်ရေး သက်ဆိုင်ရာနယ်မြေရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ ဖြစ်စဉ်ကြောင့် ရထားကြန့်ကြာမှု ငါးမိနစ်ဖြစ်ပေါ်ခဲ့ပြီး အခြားရထားများ ကြန့်ကြာမှု မရှိဘဲ ပုံမှန်အတိုင်း ပြေးဆွဲခဲ့ကြသည်။

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် ထုတ်ပြန်ပြီးဖြစ်သည့် ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေ၊ အခန်း ၁၈၊ ပုဒ်မ ၇၉ (ခ)အရ ရထားကို တစ်စုံတစ်ရာဖြင့် ပစ်ပေါက်ခြင်း (သို့မဟုတ်) တစ်စုံတစ်ရာ ပြုလုပ်ခြင်းအတွက် ပြစ်ဒဏ်အနေဖြင့် ပုဒ်မ (၈၄)အရ ထိုသူကို အနည်းဆုံး ၅ နှစ်မှ နှစ် ၂၀ အထိ မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်ကိုလည်း ချမှတ်နိုင်ကြောင်း သိရပြီး ဥပဒေနှင့်အညီ ဆက်လက်အရေးယူသွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူများ အဆင်ပြေကောင်းမွန်စွာ ခရီးသွားလာနိုင်ရေးအတွက် အဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများအနေဖြင့် ဝိုင်းဝန်းပူးပေါင်း ထိန်းသိမ်းသွားရန် လိုအပ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

**သတင်းစဉ်**

## ကလေးသူငယ်များကို ဆေးများတိုက်ကျွေးပြီး အသိစိတ်ကင်းမဲ့ချိန်တွင် လိင်တူဆက်ဆံခိုင်းကာ Telegram တွင် ငွေကြေးအကျိုးအမြတ်ရယူ၍ ရောင်းစားခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဇူလိုင် ၂၉**

ကလေးသူငယ်များကို ဆေးများတိုက်ကျွေးပြီး အသိစိတ်ကင်းမဲ့ချိန်တွင် လိင်တူဆက်ဆံခိုင်းကာ Telegram တွင် ငွေကြေးအကျိုးအမြတ်ရယူ၍ ရောင်းစားခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်နေ မောင်----၊ ၁၁ နှစ်သည် ကျောင်းဆင်းပြီး အိမ်ပြန်လာချိန် ကျောင်းအတူ တက်ခဲ့ဖူးသည့် သူငယ်ချင်းဖြစ်သူကို တွေ့ရှိပြီး သူငယ်ချင်းဖြစ်သူနှင့်အတူလာသည့် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက်နေ မျိုးမင်းထွန်း(ခ)ဖိုးသားက နေအိမ်သို့ အလည်လိုက်ခဲ့ရန် ခေါ်ဆောင်သဖြင့် ညီဖြစ်သူကို အတူခေါ်ပြီး လိုက်ပါသွားခဲ့ကြောင်း၊ မျိုးမင်းထွန်း(ခ)ဖိုးသား၏ နေအိမ်သို့ ရောက်သောအခါ အားဆေးသောက်ရမည်ဟုပြောကာ ၎င်းသောက်သုံးနေသည့် စိတ်ငြိမ်ဆေးလုံး ၁၀ လုံးစီနှင့် ဆန်ချိုအရက်အား အချိုရည်ဟု ပြောဆိုပြီး လိမ်လည်တိုက်ကျွေးခဲ့ကြောင်း စိစစ်သိရှိရသည်။

ဆေးသောက်ပြီး ကလေးများ အသိစိတ်ကင်းမဲ့နေချိန်တွင် ကလေးတစ်ဦးအား ၎င်းမှ လိင်တူဆက်ဆံခဲ့ပြီး ကျန်ကလေး နှစ်ဦးကို ကလေးအချင်းချင်း လိင်တူဆက်ဆံခိုင်းကာ ဗွီဒီယိုဖိုင်များ ရိုက်ကူးခဲ့ကြောင်း၊ ကလေးများက မျိုးမင်းထွန်း(ခ)ဖိုးသား၏ အိမ်သို့ ကျောင်းပိတ်ရက်များတွင် သွားရောက်ညအိပ်ခဲ့ရာ ရက်ပေါင်း ၂၀ ခန့် ညအိပ်ခဲ့ဖူးကြောင်း၊ ထိုအချိန်တိုင်းတွင် မျိုးမင်းထွန်း (ခ)ဖိုးသားက အလားတူ ဆောင်ရွက်ခဲ့ပြီး ဗွီဒီယိုဖိုင်များ အကြိမ်ကြိမ်ရိုက်ကူးကာ Telegram အကောင့်ဖွင့်၍ Member ဝင်များထံမှ အခကြေးငွေများ ရယူ၍ ရောင်းချခဲ့ကြောင်း စိစစ်သိရှိရသည့်အတွက် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးတပ်ဖွဲ့စု (ရန်ကုန်)မှ တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ အင်းစိန်မြို့မရဲစခန်း (ပ) ၁၆၉/၂၀၂၆ နှင့် (ပ) ၁၇၀/၂၀၂၆၊ လူကုန်ကူးမှုတားဆီး နှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ တို့ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး ဇူလိုင် ၂၇ ရက်တွင် အင်းစိန်ခရိုင် တရားရုံးမှ တရားခံ မျိုးမင်းထွန်း(ခ) ဖိုးသားကို လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အမှုတစ်မှုချင်းစီအတွက် အလုပ်နှင့်ထောင်ဒဏ် ၂၀ နှစ်စီ သီးခြားကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မရမ်းကုန်းမြို့နယ်၌ ငွေကျပ်သိန်း ၃၈၀၀ တန်ဖိုး၊ မရမ်းကုန်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)နှင့် သန်လျင်မြို့နယ်တို့၌ ငွေကျပ် ၂၄၈၈ သိန်း တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၉**

မရမ်းကုန်းမြို့နယ်တွင် ငွေကျပ်သိန်း ၃၈၀၀ တန်ဖိုး၊ မရမ်းကုန်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)နှင့် သန်လျင်မြို့နယ်တို့တွင် ငွေကျပ်သိန်း ၂၄၈၈ တန်ဖိုးရှိမူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ပြီး ဖမ်းဆီးရမိတရားခံများအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**ဖမ်းဆီးရမိ**

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၅ ရက် နံနက် ၁၁ နာရီတွင် သတင်းအရ မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် အင်းစိန်လမ်းမကြီးတွင် မင်္ဂလာဒုံမြို့နယ် အနောက်ပိုင်းကျေးရွာနေ ကျော်မြင့်သန်း(၃၅)နှစ် မောင်းနှင်ပြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အလယ်ကျေးရွာနေ အောင်ဝင်း (၂၇)နှစ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်



တရားခံ မောင်အေးလှိုင်၊ ဘကျော်၊ သိန်းရွှေ၊ ကျော်မြင့်သန်း၊ အောင်ဝင်း၊ သက်ဇင်(ခ)အောင်အောင်နှင့် ဇော်အောင်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။

စက်စမ်းရပ်ကွက်နေ သိန်းရွှေ(၆၂)နှစ်နှင့် ထန်းတပင်မြို့နယ်အေးမြို့ရွာနေ ဘကျော်(၄၇)နှစ်တို့ လိုက်ပါလာသော TOYOTA IPSUM ယာဉ်နှင့် လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် (၉)ရပ်ကွက်နေ ဇော်အောင်(၄၉)နှစ် မောင်းနှင်ပြီး ညောင်တုန်းမြို့နယ် အင်းမရွာနေ သက်ဇင်(ခ)အောင်အောင် (၅၀)နှစ်၊ ရွှေပြည်သာမြို့နယ် (၂၀)ရပ်ကွက်နေ မောင်အေးလှိုင်(၅၅)နှစ်တို့ လိုက်ပါလာသော TOYOTA CALDINA ယာဉ်တို့ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွဆေးပြား ၁၉၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၃၈၀၀) ဖမ်းဆီးရမိသဖြင့် ယင်းတို့ ခုနစ်ဦးကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ထို့ပြင် ဇူလိုင် ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်းတွင် လမ်းလျှောက်လာသူ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၁၁)ရပ်ကွက်နေ ကောင်းထိုက်ကျော် (၃၇)နှစ်အား စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် HAPPY WATER ၄၅ ဂရမ် (တစ်ဂရမ်လျှင်ငွေကျပ် ၆၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၇ သိန်း)၊ ကက်တမင်း ၁၀ ဂရမ် (တစ်ဂရမ်လျှင် ငွေကျပ် ၆၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ခြောက်သိန်း)နှင့် အက်တက်စီ ဆေးပြား ၁၀ ပြား (တစ်ပြားလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ငါးသိန်း) ဖမ်းဆီးရမိပြီး ကွင်းဆက်စစ်ဆေး ဖော်ထုတ်ချက်အရ ယင်းနေ့ မွန်းလွဲ ၃ နာရီတွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် (၉၃) ရပ်ကွက် ကျွန်းရွှေဝါလမ်းတွင် လမ်းလျှောက်လာသူ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် (၉၄) ရပ်ကွက်နေ စည်သူကျော်(၃၉)နှစ်ထံမှ ကက်တမင်း ၅၀၀ ဂရမ် (တစ်ဂရမ်လျှင် ငွေကျပ် ၆၀၀၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ်သိန်း ၃၀၀)ကိုလည်းကောင်း၊ ဆက်လက်၍ ညနေ ၆ နာရီတွင် သန်လျင်မြို့နယ်ဘုရားကုန်းရွာနေမလှသန္တာ (၃၅)နှစ်ထံမှ စိတ်ပြောင်းဆေးဝါး အက်တက်စီဆေးပြား ၄၃၀၀ (တစ်ပြားလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၂၁၅၀)ကို လည်းကောင်း စုစုပေါင်း တန်ဖိုးငွေကျပ် ၂၄၈၈ သိန်း ဖမ်းဆီးရမိခဲ့သဖြင့် ကောင်းထိုက်ကျော်၊ စည်သူကျော်နှင့် မလှသန္တာတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ကွမ်းခြံကုန်းမြို့နယ်၌ ခွေးရူးပြန်ရောဂါကာကွယ်ရေး အသိပညာပေးဟောပြော

**ကွမ်းခြံကုန်း ဇူလိုင် ၂၉**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ ခွေးရူးပြန်ရောဂါကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင်၂၇ရက်က ကွမ်းခြံကုန်းမြို့နယ် ကမာပါကျေးရွာ အမက၃ ကျင်းပသည်။

ဦးစွာ ကွမ်းခြံကုန်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာကြည်လင်းစိုးက ခွေးရူးရောဂါဖြစ်နေကြောင်း ခွဲခြားသိနိုင်သည့်အကြောင်းအရာများနှင့် သတိပြုလိုက်နာရမည့်အကြောင်းအရာများကို ဟောပြောသည်။ ဆက်လက်၍ ကျောင်းသား ကျောင်းသူများအား ခွေးရူးရောဂါကာကွယ်တားဆီးရေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဆွေနွယ်(ပြန်/ဆက်)**




❂ U-12 မှ

ဩဂုတ် ၂၁ ရက်တွင် ဂျပန်ကလပ် အူရာဝါဝတ် ဒိုင်းမွန်းလူငယ်အသင်း၊ ဩဂုတ် ၂၂ ရက်တွင် ဂျပန်ကလပ် လီဘာတာ ဖူကူကာ ယူ-၁၂ အသင်း၊ ဂျပန်ကလပ် ဘယ်မဲလ်လူငယ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်မည့် မြန်မာ ယူ-၁၂ အသင်းဖွဲ့စည်းရန် လူရွေးပွဲများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ကျင်းပခဲ့ပြီး ပဏာမအဆင့် စတင်ရွေးချယ်ကာ မြန်မာဘောလုံးအကယ်ဒမီ (မန္တလေး)နှင့် အမျိုးသားဘောလုံးအကယ်ဒမီ (ရန်ကုန်) တို့မှ ကစားသမားများနှင့် ထပ်ပေါင်းကာ လူရွေးပွဲပြုလုပ်ပြီး ပဏာမကစားသမားများ ရွေးချယ်ကာ ဇူလိုင် ၂၅ ရက်မှစ၍ စခန်းဝင်လေ့ကျင့်လျက်ရှိသည်။

**သတင်း - ချစ်ကိုကို**
**ဓာတ်ပုံ - MFF**




တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ကလေး-တမူး ဆက်သွယ်ထားသော နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းအား ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နေမှု။



တပ်မတော် စစ်ကြောင်းများက ကလေး-တမူး ဆက်သွယ်ရေး လမ်းကြောင်း ပေါ်ရှိ ဘုတ်ကန်စံပြကျေးရွာ အား ပြန်လည်သိမ်းပိုက်ရရှိ။

☆ ကျောဖုံးမှ

တပ်မတော် စစ်ကြောင်းများ အနေဖြင့် ကလေး-တမူးလမ်းကြောင်းအား အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး နယ်မြေလုံခြုံရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး အကြမ်းဖက်သောင်းကျန်းသူများ၏ လူမဆန်စွာ အကြမ်းဖက် လုပ်ရပ်များ ပြုလုပ်ခဲ့ခြင်းကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် ဒေသခံပြည်သူများ၏ နေအိမ်၊ အဆောက်အအုံများ၊ ဌာနဆိုင်ရာ အဆောက်အအုံများနှင့် လမ်းတံတားများ ပြန်လည်ပြုပြင်တည်ဆောက်ခြင်း၊ ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး စသည့် လူမှုစီးပွားဘဝများ အမြန်ဆုံး ပြန်လည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း သက်ဆိုင်ရာ ဌာနများအလိုက် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ ကူညီဆောင်ရွက်ပေးလျက် ရှိကြောင်းနှင့် ဒေသခံများ မိုင်းအန္တရာယ်ကင်းရှင်းစေရေးအတွက် မိုင်းရှင်းလင်းရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



အကြမ်းဖက်သောင်းကျန်းသူများက ကလေး-တမူး ဆက်သွယ်ရေး လမ်းကြောင်းပေါ်ရှိ ဘုတ်ကန်စံပြကျေးရွာမှ နေအိမ်များအတွင်း ခံစစ်စခန်းပြုလုပ်ထားရှိမှု။



## ကြို့ပင်ကောက်မြို့၌ ကျေးရွာမြေငှားဂရမ် ပေးအပ်

ကြို့ပင်ကောက် ဇူလိုင် ၂၉

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် ကျေးရွာမြေငှားဂရမ်ထုတ်ပေးနိုင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်သောအဖွဲ့ဝင်များသည် တမံဆည်ကျေးရွာသို့ ကွင်းဆင်းပြီး ကျေးရွာမြေငှားဂရမ်ထုတ်ပေးရေး ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၂၈ ရက်က တမံဆည်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်သည်။

ဦးစွာ သာယာဝတီခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးတင်ကျော်ဝင်းက အမှာစကားပြောကြားပြီး ခရိုင်မြေစာရင်းဦးစီးမှူး ဦးနေဝင်းထွန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးအောင်စိုးထက်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် အမှတ်(၂) ဒေါ်လွယ်လွယ်ဝင်းနှင့် တာဝန်ရှိသူများက ကျေးရွာပြည်သူ ၃၆ ဦး၏ မြေပိုင်ဆိုင်မှုမြေငှားဂရမ် ဧကပေါင်း ၅ ဒသမ ၅၄၅ ဧကအား မြေပိုင်ရှင်များထံ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

ဇေယျာထွန်း(ကြို့ပင်ကောက်)

## ကျိုက်ထိုမြို့နယ်၌ ငှက်ပျောပင် စုပေါင်းစိုက်ပျိုး

ကျိုက်ထို ဇူလိုင် ၂၉

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ငှက်ပျောပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂၈ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ စုပေါင်းစိုက်ပျိုးကြသည်။

စုပေါင်းစိုက်ပျိုးရာတွင် ကျိုက်ထိုခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကံစောလှိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင့်လွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး(တာဝန်ခံ) ဦးအောင်မြင့်ထွန်း၊ အထက(၁)ကျောင်းအုပ်ဆရာမကြီး ဒေါ်သူဇာသန်းနှင့် ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းအကျိုးတော်ဆောင်များက ဒေသမျိုးငှက်ပျော ပျိုးပင်ပေါင်း ၂၀၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ပြည့်ဖြိုး(ပြန်/ဆက်)





## မြန်အောင်မြို့၌ ရေပြင်ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်

မြန်အောင် ဇူလိုင် ၂၉

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်တွင် ရေပြင်ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို အမှတ်(၁)ရပ်ကွက် ဆည်မြောင်းတာမိုင် ၅/၅ ရှိ ဧရာဝတီမြစ်အတွင်း၌ ဇူလိုင် ၂၈ ရက်က ဆောင်ရွက်သည်။

### သရုပ်ပြဆောင်ရွက်

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ဝင်းရွှေက အမှာစကားပြောကြားပြီး မြစ်အတွင်းသွားလာနေသည့်ရေယာဉ်များ မီးလောင်မှုဖြစ်ပွားပါက မီးငြိမ်းသတ်သရုပ်ပြခြင်းနှင့် လှေတိမ်းမှောက်မှုအား ပြည်သူများအသက်အန္တရာယ်ဘေးလွတ်ကင်းစေရန် ကယ်ဆယ်ရေးဆောင်ရွက်ပြီး ကြက်ခြေနီတပ်ဖွဲ့ဝင်များက ရှေးဦးသူနာပြုစု၍ ပရဟိတအဖွဲ့များက ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခြင်းများကို သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရောဦးသာ

## ကော့မှူးမြို့နယ် ရွာဘွားကျေးရွာမွေးမြူရေးဇုန်၌ အာဖရိကဝက်အပြင်းဖျားရောဂါ အသိပညာပေးဟောပြော

ကော့မှူး ဇူလိုင် ၂၉

ရန်ကုန် တိုင်းဒေသကြီး ကော့မှူးမြို့နယ်၌ ဝက်များတွင် ဖြစ်တတ်သော အာဖရိကဝက် အပြင်းဖျား ရောဂါအသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၂၈ ရက်က ရွာဘွားကျေးရွာ မွေးမြူရေးဇုန် အုပ်ချုပ်မှု ရှင်းလင်းဆောင်ခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာမိုးဆမ်းပန်းက အာဖရိကဝက် အပြင်းဖျားရောဂါနှင့်ပတ်သက်၍ မွေးမြူရေးခြံများ ဇီဝလုံခြုံမှုကို အလေးထား ဆောင်ရွက်ကြရန်နှင့် အာဖရိကဝက် အပြင်းဖျားရောဂါနှင့်ပတ်သက်သည့် ရောဂါကူးစက်ပျံ့နှံ့ပုံ၊ ရောဂါလက္ခဏာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။



ကျော်သူရ(ကော့မှူး)

❖ မြန်မာအမျိုးသမီးလိဂ်မှ

အသင်းများ နိုင်ပွဲပျောက်ဆုံးမှုကို အခွင့်ကောင်းယူကာ ဇယားအောက်ဆုံးမှ ရန်ကုန်စီးတီးအသင်းကို ဂိုးပြတ်သွင်းယူပြီး အမှတ်ဖြတ်ဦးဆောင်နိုင်ခဲ့သည်။ အား/ကာသိပ္ပံအသင်းသည် အနိုင်ဂိုးများကို ၃ မိနစ်၊ ၇၈ မိနစ်တွင် ဟေမာန်စိုး၊ ခုနစ်မိနစ်တွင် ဆုပြည့်ပြည့်ကျော်၊ ၃၈ မိနစ်တွင် မီမီဇင်၊ မိနစ် ၇၀ တွင် သင်ဇာချို၊ ၇၁ မိနစ်တွင် ငြိမ်းငြိမ်းဖြိုးနှင့် ၉၀ မိနစ်၊ ၉၀+၂ မိနစ်တွင် လင်းမြင့်မိုရ်တို့က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးကစားသမားဆုကို အား/ကာသိပ္ပံအသင်းမှ လင်းမြင့်မိုရ် ကရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ငါးသိန်း ရရှိသည်။

သုဝဏ္ဏလေ့ကျင့်ရေးကွင်း-၁ ၌ ကျင်းပသည့်ပွဲတွင် သစ္စာအားမာန်အသင်းက မြဝတီအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ အမှတ်ပေးဇယားအပေါ်၊ အောက် ရပ်တည်နေသည့်နှစ်သင်း တွေ့ဆုံခြင်းဖြစ်ပြီး သစ္စာအားမာန်အသင်းက နိုင်ပွဲရယူကာ အဆင့်(၃)နေရာအတွက် ဖိအားပေးနိုင်ခဲ့သည်။ သစ္စာအားမာန်အသင်းအတွက် ဂိုးများကို ၃၂ မိနစ်တွင် မြတ်နိုးခင်၊ ၃၇ မိနစ်တွင် ယွန်းဝတီနှင့် မိနစ် ၅၀ တွင် ခင်စန်းလွင်တို့က သွင်းယူသည်။ ယခုပွဲအတွက် အကောင်းဆုံးကစားသမားဆုကို သစ္စာအားမာန်အသင်းမှ ဇင်မာထွေး ကရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ငါးသိန်း ရရှိသည်။

ပွဲစဉ်(၇)အပြီးတွင် အား/ကာသိပ္ပံအသင်းက ၁၉ မှတ်ဖြင့် ဦးဆောင်နေပြီး ဧရာဝတီအသင်းက ၁၆ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ၁၄ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ၁၃ မှတ်၊ ရတနာပုံအသင်းက ၁၁ မှတ်၊ သစ္စာအားမာန်အသင်းက ၁၀ မှတ်၊ မြဝတီ၊ Young Lionesses နှင့် ဖွဲ့ကပင်ယူနိုက်တက်အသင်းတို့က ခြောက်မှတ်စီ ရရှိထားကာ ရန်ကုန်စီးတီးအသင်းမှာမူ ခုနစ်ပွဲစလုံးရှုံးပြီး အမှတ်မရသေးပေ။

သတင်း-ကိုညီလေး၊ ဓာတ်ပုံ-ညီမင်း

# လူတိုင်းအတွက်ပညာရေး ဝိုင်းကူလို့ပေး

ပညာရေးသည် ရပ်တန့်၍ ရသောအရာမဟုတ်သည့် “လူတို့၏အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှုနှင့် သဘောထားအယူအဆအမြင်တို့ ဖွံ့ဖြိုးတိုးတက်စေရန် **ဆောင်ရွက်ရသည့် ဖြစ်စဉ်ဖြစ်သည်**”ဟု ပညာရှင်များက အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြသည်။

ချို (ပညာရေး)

> **“မန္တလေးနန်းတော်တည်ဆောက်ရာတွင် လည်းကောင်း၊ စာတော်ပြန်ပွဲများ ကျင်းပရာတွင် လည်းကောင်း ကျောင်းပြင်ပပညာရေးပုံစံဖြင့် ပညာသင်ယူခဲ့ကြကြောင်းနှင့် ထိုထက်စော၍ ပုဂံခေတ်ဘုရားစေတီများနှင့် သာသနာ့အဆောက်အအုံများ တည်ဆောက်ရာတွင်လည်း ကျောင်းပြင်ပပညာရေးပုံစံကိုပင် အသုံးပြုသင်ကြားပေးခဲ့ကြကြောင်း လေ့လာတွေ့ရှိရပါသည်။ ခေတ်အဆက်ဆက်တွင် ကျောင်းပြင်ပပညာရေးပုံစံဖြင့် သင်ယူတတ်မြောက်ခဲ့ကြပြီး နိုင်ငံအကျိုးပြု ရဟန်းပညာရှိ၊ လူပညာရှိပုဂ္ဂိုလ်များ ပေါ်ထွန်းခဲ့”**

၂၁ ရာစုခေတ်သည် ပညာခေတ်ဖြစ်သည့်အားလျော်စွာ ဘဝခရီးဖြတ်သန်းရာတွင် ပညာသည် မရှိမဖြစ် လိုအပ်မည့်အရာ၊ အဆုံးအဖြတ်တစ်ခုဖြစ်သည့်အတွက် ခေတ်ရေစီးကြောင်းနှင့်အညီ လိုက်ပါနိုင်ရန် ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ယူနိုင်ရေးအတွက် တာဝန်ရှိသူများအားလုံး ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

### လူ့စွမ်းအားအရင်းအမြစ်များဆုံးရှုံးမှုကို ဖြစ်ပေါ်စေ

ပညာသင်ယူရမည့်အရွယ် ကလေးများ စာသင်ခန်းတွင်မရှိဘဲ အကြောင်းအမျိုးမျိုးကြောင့် စာသင်ခန်းပြင်ပသို့ ရောက်ရှိသွားပါက အတုမြင် အတတ်သင်သည့်အရွယ်များဖြစ်၍ ကလေးများသည် ပတ်ဝန်းကျင်ဆိုးရိုက်ခတ်မှုများကြောင့် မူးယစ်ဆေးဝါးအား ငယ်ရွယ်စဉ်ကပင် သုံးစွဲတတ်လာခြင်း၊ အရွယ်မတိုင်မီ ဖို/မ ဆိုင်ရာ လိင်ကိစ္စများအပေါ် စိတ်ရောက်ရှိသွားခြင်း၊ ဖုန်း၊ အင်တာနက်အစရှိသည့် လူမှုကွန်ရက်များကို အကျိုးရှိရှိ သုံးစွဲခြင်းမရှိဘဲ အတုမယူသင့်သည့်အရာများကို အတုယူသည့်အတွက် အရွယ်မတိုင်မီ လမ်းမှားသို့ ရောက်သွားခြင်း၊ ဂိမ်းများအလွန်အကြူး ဆော့ကစားခြင်း၊ လမ်းပေါ်တွင် တောင်းရမ်းစားသောက်၍ လေလွင့်နေခြင်း၊ အရွယ်မတိုင်မီ ကလေးအလုပ်သမားဘဝသို့ ရောက်ရှိလာခြင်းစသော မမျှော်မှန်းနိုင်သည့် ဆိုးကျိုးများကို ရင်ဆိုင်ကြုံတွေ့လာနိုင်ပါသည်။ ဤဖြစ်ရပ်များသည် ကလေးလူငယ်များအတွက်သာမက မိဘများ၊ ပတ်ဝန်းကျင်များ၊ ရပ်ရွာလူထုများနှင့် နိုင်ငံအတွက်ပါ လူ့စွမ်းအားအရင်းအမြစ်များဆုံးရှုံးမှုကို ဖြစ်ပေါ်စေပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ခုနှစ်၏ ပုဒ်မ ၂၈ (က) ပါ ပြဋ္ဌာန်းချက်ဖြစ်သည့် **“နိုင်ငံတော်သည် ပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေးတိုးတက်စေရန်အတွက် အလေးထား ဆောင်ရွက်ရမည်”** ဟူသည့် ပြဋ္ဌာန်းချက်အရ လည်းကောင်း၊ အမျိုးသားပညာရေးဥပဒေ(၂၀၁၄)

> **“ကျောင်းပြင်ပမူလတန်းပညာရေး (NFPE) ကို နှစ်စဉ် ပညာသင်နှစ်၏ ဇူလိုင်လ ၁ ရက်နေ့နှင့် ကျောင်းပြင်ပအလယ်တန်းပညာရေး (NFME) ကို ဩဂုတ်လ ၁ ရက်နေ့မှစ၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။ ကျောင်းပြင်ပမူလတန်းနှင့် အလယ်တန်းပညာရေးဆိုင်ရာ သင်ရိုးညွှန်းတမ်းနှင့် မာတိကာများကို ခေတ်နှင့်အညီ လိုက်လျောညီထွေမှုရှိစေရန်နှင့် သင်ကြားသင်ယူမှုနည်းစနစ်များတွင် ကိုက်ညီမှုရှိစေရန်အတွက် ကျောင်းပညာရေး (Formal Education) ၏ (KG + G-12) စနစ်သစ်ပြောင်းလဲချိန်၌ပင် ပညာရှင်ဆရာကြီး ဆရာမကြီးများပူးပေါင်း၍ စနစ်တကျ ပြင်ဆင်ရေးဆွဲခဲ့ပြီး အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ (NCC) ၏ အတည်ပြုချက်ဖြင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်မှစ၍ ကျောင်းပြင်ပအလယ်တန်းပညာရေး သင်ရိုးညွှန်းတမ်းအသစ်များနှင့်အတူ သင်ကြားပို့ချ”**

ပုဒ်မ ၁၁၊ အခန်း(၅)တွင် **“အမျိုးသားပညာရေးစနစ်အကောင်အထည်ဖော်ရာတွင် ကျောင်းပညာရေး၊ ကျောင်းပြင်ပပညာရေး၊ ကိုယ်တိုင်သင်ယူပညာရေးဟူ၍ ပညာရယူနည်း (၃)နည်းဖြင့် အကောင်အထည်ဖော်ရန်”** ပြဋ္ဌာန်းချက်အရ လည်းကောင်း၊ အမျိုးသား ပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) ပါ မဏ္ဍိုင် (၁) မဟာဗျူဟာ (၅) တွင် **“အထူးလိုအပ်ချက်ရှိသော ကလေးများနှင့် အခွင့်အလမ်းနည်းပါးသောဒေသများနှင့် မိသားစုများမှ ကလေးများအတွက် ပညာရေးဝန်ဆောင်မှုများပေးခြင်း အပါအဝင် လူတိုင်းပညာရေးကို ပံ့ပိုးပေးခြင်း”** အရ လည်းကောင်း ပညာရေးဝန်ကြီးဌာန ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနက ကျောင်းပြင်ပသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိသွားသော ကျောင်းနေအရွယ်လွန် ကလေးများအတွက် သင်ကြားမှုအခွင့်အရေးကို ဒုတိယအကြိမ် ထပ်ဆောင်းဖော်ဆောင်ပေးနေသော ကျောင်းပြင်ပပညာရေး(Non-Formal Education)ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

### အလျှော့အတင်းပြုလုပ်နိုင်သော ပညာရေးစနစ်တစ်ခုဖြစ်

ကျောင်းပြင်ပပညာရေး (Non-Formal Education) ဆိုသည်မှာ သင်ရိုးညွှန်းတမ်းများကို အခြေခံ၍ သင်ယူလိုသူများ ပညာရည်မြင့်မားလာစေရန် ကျောင်းပညာရေးစနစ် ပြင်ပတွင် ပြင်ဆင်ပြောင်းလဲနိုင်သော နည်းလမ်းများဖြင့် စည်းရုံးသင်ကြားပေးသည့် ပညာရေးအစီအစဉ် ဖြစ်ပါသည်။ ကျောင်းပညာရေးကဲ့သို့ နေရာ၊ အချိန်၊ သင်ရိုးညွှန်းတမ်း၊ သင်ခွင့်ကန့်သတ်ချက်များကို တင်းကျပ်သောပုံစံဖြင့် ဆောင်ရွက်ခြင်းမဟုတ်ဘဲ အလျှော့အတင်းပြုလုပ်နိုင်သော ပညာရေးစနစ်တစ်ခုဖြစ်ပါသည်။

**ထင်ရှားသော သာဓကတစ်ခုမှာ ကုန်းဘောင်ခေတ် နှောင်းပိုင်းတွင် မြန်မာနိုင်ငံတော်ကြီးအား ခေတ်မီနိုင်ငံတော်ကြီးအဖြစ်** ပြောင်းလဲလိုသူ ကနောင်မင်းသားကြီး (၁၈၁၀-၁၈၁၈)နှင့် ယောအတွင်းဝန် ဦးဘိုးလှိုင် (၁၈၃၀-၁၈၄၅) တို့က လူငယ်များကို နိုင်ငံရပ်ခြားသို့ ပညာတော်သင်စေလွှတ်၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်စေခဲ့ပါသည်။ ထိုအထဲတွင် မောင်ရွှေဘင်ဦးဆောင်သည့် နိုင်ငံခြားပညာတော်သင်များကို စုစည်းလျက် ကနောင်မင်းသားကြီး၏ အိမ်တော်တွင် အမြောက်ပစ်နည်းအပါအဝင် စက်မှုနည်းပညာများအား သင်တန်းဖွင့်လှစ်သင်ကြားစေခဲ့သည်။ ကိုဩဒိနိတ် ဂျီဩမေတြီတွင် ယခုခေတ်အခေါ် (vertical) ကို ဒေါင်းဟု လည်းကောင်း၊ အလျားလိုက်(horizontal) ကို မြွေဟု လည်းကောင်း ဘာသာပြန်ဆိုသင်ပေးခဲ့ကြောင်းကို သမိုင်းမှတ်တမ်းများအရ သိခဲ့ရသည်။

ထို့အပြင် မန္တလေးနန်းတော်တည်ဆောက်ရာတွင်လည်းကောင်း၊ စာတော်ပြန်ပွဲများ ကျင်းပရာတွင် လည်းကောင်း ကျောင်းပြင်ပပညာရေးပုံစံဖြင့် ပညာသင်ယူခဲ့ကြကြောင်းနှင့် ထိုထက်စော၍ ပုဂံခေတ်ဘုရားစေတီများနှင့် သာသနာ့အဆောက်အအုံများ တည်ဆောက်ရာတွင်လည်း ကျောင်းပြင်ပပညာရေးပုံစံကိုပင် အသုံးပြုသင်ကြားပေးခဲ့ကြကြောင်း လေ့လာတွေ့ရှိရပါသည်။ ခေတ်အဆက်ဆက်တွင် ကျောင်းပြင်ပပညာရေးပုံစံဖြင့် သင်ယူတတ်မြောက်ခဲ့ကြပြီး နိုင်ငံအကျိုးပြု ရဟန်းပညာရှိ၊ လူပညာရှိပုဂ္ဂိုလ်များ ပေါ်ထွန်းခဲ့ကြောင်းကိုလည်း လေ့လာမှုများအရ သိရှိရပါသည်။

### ဒုတိယအကြိမ် ပညာသင်ယူမှုအခွင့်အလမ်း ထပ်မံဖြည့်ဆည်း

ပညာရေးဝန်ကြီးဌာန ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနက ဆောင်ရွက်နေသော ကျောင်းပြင်ပ ပညာရေးအစီအစဉ်များအနက် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းလုံးဝမနေခဲ့ဖူးသောကလေးများ၊ ကျောင်းနေခဲ့သော်လည်း မူလတန်းမပြီးဆုံးမီ ကျောင်းထွက်ခဲ့ရသော အသက်(၁၀-၁၄)နှစ်အတွင်း ကလေးများကို ကျောင်းပြင်ပမူလတန်းပညာရေးတွင် လည်းကောင်း၊ အခြေခံပညာ အလယ်တန်းအဆင့် မပြီးဆုံးမီ ကျောင်းထွက်ခဲ့ရသော အသက်(၁၃-၁၈)နှစ်အတွင်း ကလေးများကို ကျောင်းပြင်ပ အလယ်တန်းပညာရေးတွင် လည်းကောင်း လက်ခံသင်ကြားပေးခြင်းဖြင့် ဒုတိယအကြိမ် ပညာသင်ယူမှုအခွင့်အလမ်း ထပ်မံဖြည့်ဆည်းပေးသည့် တန်းညှိအစီအစဉ် (Equivalency Programme) တစ်ခုဖြစ်ပါသည်။

လတ်တလောလိုအပ်ချက်အရ ကျောင်းနေအရွယ် ကလေးများအားလုံး ပညာသင်ယူခွင့်ရရှိရေးနှင့် နိုင်ငံတော်အတွက် လူ့စွမ်းအားအရင်းအမြစ် မဆုံးရှုံးစေရေးအတွက် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် ကျောင်းပြင်ပမူလတန်းပညာရေးကို အသက် ၁၀ **နှစ်မှ ၁၆ နှစ်အတွင်းတွင် လည်းကောင်း၊ ကျောင်းပြင်ပအလယ်တန်းပညာရေးကို အသက် ၁၃ နှစ်မှ ၂၁ နှစ်အတွင်းတွင် လည်းကောင်း အသက်ကန့်သတ်ချက်အား ဖြေလျှော့၍ Placement Test ဆောင်ရွက်ခြင်းဖြင့် လက်ခံသင်ကြားနိုင်ရေး စီစဉ်လျက်ရှိပါသည်။**

ကျောင်းပြင်ပပညာရေးသို့ ဝင်ရောက်မည်ဆိုပါက ကျောင်းပြင်ပမူလတန်းပညာရေးနှင့် ကျောင်းပြင်ပအလယ်တန်းတို့အတွက် အတန်းအဆင့် နေရာချထားမှုကိုလည်း ကြိုတင်သိရှိထားရန် လိုအပ်ပါသည်။ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းလုံးဝမနေဖူးသူကလေးများနှင့် အခြေခံပညာမူလတန်းအောက်ဆင့် တတိယတန်း (Grade-3) မပြီးဆုံးမီ ကျောင်းထွက်ခဲ့ရသော ကလေးများသည် ကျောင်းပြင်ပပညာရေး၏ အသက်သတ်မှတ်ချက်နှင့် ကိုက်ညီပါက ကျောင်းပြင်ပမူလတန်းပညာရေး Level – 1 မှစတင်၍ တက်ရောက်သင်ယူနိုင်ပါသည်။

အခြေခံပညာကျောင်းမှ မူလတန်းအောက်ဆင့် သင်ယူပြီးမြောက်ခဲ့သူများသည် ကျောင်းပြင်ပမူလတန်းသို့ ဝင်ရောက်လိုပါက တန်းညှိအစီအစဉ်အရ Placement Test ကို ဖြေဆိုရမည်ဖြစ်ပြီး သတ်မှတ်ချက်နှင့်ကိုက်ညီပါက ကျောင်းပြင်ပ မူလတန်းပညာရေး Level –2 သို့ တက်ရောက်သင်ယူခွင့် ရရှိမည်ဖြစ်သည်။

အလားတူ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပညာရေး၏ အလယ်တန်းပညာရေး မပြီးဆုံးဘဲ ကျောင်းစောထွက်ခဲ့ရသော ကလေးများနှင့် အခြေခံပညာမူလတန်းပြီးမြောက်အောင်မြင်သူများသည် ကျောင်းပြင်ပအလယ်တန်းပညာရေး၏ အသက်သတ်မှတ်ချက်နှင့်ကိုက်ညီပါက ကျောင်းပြင်ပအလယ်တန်းပညာရေး (NFME) ၏ level–1 သို့ လည်းကောင်း၊ အခြေခံပညာအလယ်တန်း ဆဋ္ဌမတန်း (Grade–6) အောင်မြင်ပြီးပါက ကျောင်းပြင်ပအလယ်တန်းပညာရေး (NFME) ၏ level–2 သို့ လည်းကောင်း၊ အခြေခံပညာအလယ်တန်း သတ္တမတန်း (Grade–7) နှင့် အဋ္ဌမတန်း (Grade–8) အောင်မြင်ပြီးပါက ကျောင်းပြင်ပအလယ်တန်းပညာရေး (NFME)၏ Level–3 သို့ လည်းကောင်း တက်ရောက်နိုင်မည်ဖြစ်သည်။

သို့သော် NFME သို့ ဝင်ရောက်လာသည့် ကျောင်းသားများအနက် NFPE ပြီးဆုံးပြီး NFME Level–1 သို့ တက်ရောက်သူများမှအပ တန်းညှိအစီအစဉ်အရ ကျောင်းပညာရေး၊ (Formal Education)မှ အတန်းကူးပြောင်းဝင်ရောက်လာသော ကျောင်းသား ကျောင်းသူများသည် ဦးစွာ Placement Test ဖြေဆိုရမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းပြည့်မီပါက သက်ဆိုင်ရာ Level အသီးသီးတွင် သင်ယူခွင့်ရရှိမည်ဖြစ်ပါသည်။ ထို့ကြောင့် မိမိတို့သင်ယူခဲ့သော ကျောင်းပညာရေး၏ အတန်းအလိုက် သင်ယူခဲ့သော ဘာသာရပ်အသီးသီးမှ သိသင့်သိထိုက်သော အကြောင်းအရာများကို ကြိုတင်လေ့လာပြင်ဆင်ထားရန် လိုအပ်မည် ဖြစ်ပါသည်။

**ကျောင်းပြင်ပမူလတန်းပညာရေး (NFPE) ကို နှစ်စဉ် ပညာသင်နှစ်၏ ဇူလိုင်လ ၁ ရက်နေ့နှင့် ကျောင်းပြင်ပအလယ်တန်းပညာရေး (NFME) ကို ဩဂုတ်လ ၁ ရက်နေ့မှစ၍ ဖွင့်လှစ်သင်ကြားပေး လျက်ရှိပါသည်။**

စာမျက်နှာ ၁၇ သို့ ❂

## ကျိုက်မရောမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေသုံးစွဲရေးသင်တန်းဖွင့်



**ကျိုက်မရော ဇူလိုင် ၂၉**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေသုံးစွဲရေး(AVIP) သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းရန်ပုံငွေသုံးစွဲရေး သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို ကျိုက်မရောမြို့နယ် အတွင်း ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မည့် မြွေဟောက်ကျေးရွာမှ ကော်မတီဝင်များ တက်ရောက်ကြပြီး သင်ခန်းစာများကို တာဝန်ရှိသူများက ပို့ချကြောင်း သိရသည်။

**သုတ**

## စဉ့်ကိုင်မြို့နယ်၌ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ



**စဉ့်ကိုင် ဇူလိုင် ၂၉**

ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကို မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ချောင်းပတ်ကျေးရွာ အောင်မင်္ဂလာခန်းမ၌ ယမန်နေ့က ကျင်းပသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးဗိုလ်အောင်မောင်မောင်တို့က အမှာစကားပြောကြားသည်။ ထို့နောက်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းသန်းက ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများက မိမိတို့ဌာနအလိုက် လုပ်ငန်းကဏ္ဍဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသည့် ပြည်သူများက မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် သိရှိလိုသည်များ မေးမြန်းရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း၍ ပြန်လည်ဖြေကြား ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## လင်းခေးမြို့နယ်၌ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**လင်းခေး ဇူလိုင် ၂၉**

လင်းခေးခရိုင်နှင့် မြို့နယ် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများသည် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ဒုတိယအကြိမ် မိုးရာသီစုပေါင်း သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂၈ ရက် နံနက်ပိုင်းက လင်းခေးမြို့နယ် ဝမ်ဟတ်တိုက်နယ်ရှိ အဘယလာဘမုနိရုပ်ပွားတော် ညောင်ခမ်းဘုန်းတော်ကြီးကျောင်းပုရိဝုဏ်စိုက်ကွင်းအတွင်း၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ဦးဆောင်၍ ဆရာတော်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဌာနေပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများက ကျွန်းပင်၊ မဲဇလီ၊ စိန်ပန်းနီနှင့် ပိတောက်ပျိုးပင် ၅၀၀ တို့ကို စုပေါင်း စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**စိုင်းဇော်လတ်(လင်းခေး)**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

## အမျိုးသားစာပေတစ်သက်တာဆုရှင် စာရေးဆရာကြီး စည်သူဒေါက်တာသော်ကောင်း ကွယ်လွန်



စာရေးဆရာကြီး စည်သူဒေါက်တာသော်ကောင်းကို အဘ အငြိမ်းစား ပညာမင်းကြီးနှင့် မြန်မာနိုင်ငံ သမိုင်းကော်မရှင်ဥက္ကဋ္ဌ စည်သူဦးကောင်း အမိ ဒေါ်သိန်းတို့က ၁၉၃၇ ခုနှစ်တွင် ရန်ကုန်မြို့၌ မွေးဖွားသည်။

သတ္တမတန်းမှ နဝမတန်းအထိ ရန်ကုန်မြို့တွင် ပညာဆည်းပူးခဲ့သည်။ ၁၉၅၄ ခုနှစ်မှ ၁၉၅၉ ခုနှစ်အထိ ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်ခဲ့ပြီး B.A (ဂုဏ်ထူး)၊ အင်္ဂလိပ်စာပထမအဆင့်ဖြင့် အောင်မြင်ခဲ့သည်။ ထို့နောက် ၁၉၆၂ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ၊ လန်ဒန်တက္ကသိုလ်မှ စာကြည့်တိုက်ဘွဲ့လွန်ဒီပလိုမာ ရရှိခဲ့သည်။

၁၉၇၆ ခုနှစ်တွင် AALIA (Associate of the Australian Library and Information Association) ဘွဲ့ကိုလည်းကောင်း၊ ၁၉၈၄ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ စာကြည့်တိုက်အသင်း၏ အမြင့်ဆုံးဘွဲ့ဖြစ်သည့် FLA (Fellow of the Library Association) (UK) ဘွဲ့ကိုလည်းကောင်း၊ ၂၀၀၅ ခုနှစ်တွင် Fukuoka Asian Cultural Prize (2005) ဆုကိုလည်းကောင်း ချီးမြှင့်ခံရသည်။

၁၉၅၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၊ အင်္ဂလိပ်စာဌာန အချိန်ပိုင်းစာကြည့်တိုက် လက်ထောက်၊ ၁၉၅၉ ခုနှစ် ရန်ကုန်တက္ကသိုလ်၊ လူမှုရေးသိပ္ပံစာကြည့်တိုက် စာကြည့်တိုက်မှူးနှင့် ထိုနှစ်တွင်ပင် ရန်ကုန်တက္ကသိုလ်၊ စာကြည့်တိုက် လက်ထောက်စာကြည့်တိုက်မှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၆၉ ခုနှစ်မှ အငြိမ်းစားယူသည့် ၁၉၉၇ခုနှစ်အထိ တက္ကသိုလ်များဗဟိုစာကြည့်တိုက်၏ စာကြည့်တိုက်မှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၊ စာကြည့်တိုက်နှင့် သုတပညာဌာနကို စတင်တည်ထောင်ပြီး ပါမောက္ခ၊ ဌာနမှူးအဖြစ် ပူးတွဲတာဝန်ယူခဲ့သည်။ ၁၉၆၆ ခုနှစ်မှ ၁၉၈၄ ခုနှစ်အထိ တက္ကသိုလ်ပညာပဒေသာစာစောင် စာတည်းအဖွဲ့ အတွင်းရေးမှူး၊ ၁၉၇၁ ခုနှစ်မှ ၁၉၇၆ ခုနှစ်ထိ မြန်မာစာကော်မရှင်အတွင်းရေးမှူးနှင့် မြန်မာ-အင်္ဂလိပ် အဘိဓာန်ထုတ်ဝေရေးအဖွဲ့ဥက္ကဋ္ဌ တာဝန်ကို ထမ်းဆောင်ခဲ့သည်။

အင်္ဂလန်၊ အမေရိကန်၊ ဩစတြေးလျ၊ ဂျပန်၊ ထိုင်း၊ မလေးရှားနှင့် စင်ကာပူနိုင်ငံတို့သို့ မြန်မာစာပေ၊ စာကြည့်တိုက်လုပ်ငန်း၊ မြန်မာ့သမိုင်းနှင့် မြန်မာ့ယဉ်ကျေးမှုဆိုင်ရာ စာတမ်းများ သွားရောက်ဖတ်ကြားခဲ့သည်။ အိန္ဒိယနိုင်ငံ၊ နလန္ဒာတက္ကသိုလ် အကြံပေးကောင်စီအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။

ပြည်တွင်းပြည်ပ ကွန်ဖရင့်များ၊ ဆွေးနွေးပွဲများတွင် စာတမ်း ၃၅ စောင် ဖတ်ကြားတင်သွင်းခဲ့ပြီး အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့် ဆောင်းပါးပေါင်း ၉၀ ကျော်၊ "ရည်ညွှန်းစာအုပ်ဟူသည်"၊ "Aspects of Myanmar History and Culture" စသည့် အပါအဝင် စာအုပ် ၁၀ အုပ်၊ ဘာသာပြန်များနှင့် အခြား အထွေထွေများ အပါအဝင် စုစုပေါင်း ၂၀၀ ခန့် ရေးသားပြုစုခဲ့သည်။

၂၀၀၇ ခုနှစ်အတွက်ပခုက္ကူဦးအုံးဖေတစ်သက်တာစာပေဆု ချီးမြှင့်ခံရသည်။ ၂၀၀၈ ခုနှစ်တွင် မြန်မာစာပေ၊ စာကြည့်တိုက်ပညာနှင့် ပေပုရပိုက်အကြောင်းရေးသားထားသော "From the Librarian's Window" စာအုပ်ဖြင့် ထွန်းဖောင်ဒေးရှင်းစာပေဆု (ယဉ်ကျေးမှုဘာသာရပ်) (အင်္ဂလိပ်စာအုပ်ဆု) ရရှိခဲ့သည်။ ၂၀၁၀ ပြည့်နှစ်တွင် အမျိုးသားစာပေတစ်သက်တာဆုရှင်အဖြစ် ချီးမြှင့်ခံခဲ့ရသည်။ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီတွင် ဒုတိယဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ၂၀၁၂ ခုနှစ်မှစ၍ ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ဆရာဝန်တင်ရွှေဆု၊ ထွန်းဖောင်ဒေးရှင်း စာပေဆု၊ ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု၊ သုတစွယ်စုံစာပေဆု စသည့် စာပေဆိုင်ရာ ဆုရွေးချယ်ရေးအဖွဲ့များ၌လည်း ဥက္ကဋ္ဌအဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် စည်သူဘွဲ့ ချီးမြှင့်ခံရသည်။

စာပေပညာရှင် စာရေးဆရာကြီး စည်သူဒေါက်တာသော်ကောင်းသည် အမှတ် (၅၂-ဘီ)၊ သံလွင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ နေထိုင်ရင်း ၂၀၂၆ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်တွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် အသက် ၈၉ နှစ် ရှိပြီးဖြစ်သည်။ ဆရာကြီး ကွယ်လွန်သွားခြင်းသည် မိသားစုဝင်များ၊ စာပေမိတ်ဆွေများနှင့် မြန်မာစာပေလောကအတွက် အစားထိုးမရနိုင်သည့် ဆုံးရှုံးမှုတစ်ခု ဖြစ်သည်။

**ကြေးမုံ**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျာနယ်
ထွက်ရှိ



၁-၈-၂၀၂၆ ရက်နေ့ထုတ် အတွဲ (၂၃)၊ အမှတ် (၁၅) တွင်
- ဝါးစိုက်ပျိုးပြီး တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်
- စားအုန်းဆီနှင့်ပတ်သက်၍ ပြည်သူများမနစ်နာစေရန် ဆောင်ရွက်နေ
- မသန်စွမ်းလူငယ်များ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခွင့်ရရှိနိုင်
- နေပြည်တော်မြို့တွင်း ခရီးစဉ်များအတွက် "ရာဇာမင်း" ယာဉ်လိုင်းမှ EV ဘတ်စ်ကားများ စတင်ပြေးဆွဲ
- မိုးရာသီသွေးလွန်တုပ်ကွေးရောဂါနှင့် ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများ
- ဝါးစိုက်ပျိုးမှုမှသည် အထည်အလိပ် စက်မှုလုပ်ငန်းဆီသို့
- အယ်လ်ဇိုင်းမားရောဂါကို တစ်ရက် ခြေလှမ်း ၃၀၀၀ လမ်းလျှောက်ရုံဖြင့် ကာကွယ်ပေးနိုင်
- အေအိုင်နည်းပညာတိုးတက်မှုသည် ယဉ်ကျေးမှုကို မထိခိုက်ရန်လိုအပ်ဟု သမ္မတရီကျင့်ဖျင်ပြော စသည်တို့အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။

တစ်စောင် (၅၀၀) ကျပ်
အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။
DKY Journal

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၅၆၊ မြဝတီ(၂)လမ်း၊ မြေကွက်အမှတ်(၁၈၅)ဟု ခေါ်တွင်သော ဒေါ်စန်းစန်းမော်အမည်ပေါက်သည့် ပါမစ်(မူရင်း)ပါ မြေအကျယ်(ပေ၂၀xပေ၆၀)အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်ကို မျက်နှာမူလျှင် ဘယ်ဘက်ခြမ်း၊ မြေကွက်အမှတ်(၁၈၄)နှင့် ကပ်လျက်မြေကွက်(၁၀ပေx၆၀ပေ)ရှိ မြေနှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ဖြူဖြူဆန်း[၁၂/ဒဂရ(နိုင်)၀၀၀၄၆၂]မှ ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်မင်းထွန်း[၁၂/ဒဂမ(နိုင်)၀၂၆၁၆၈]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၁၅)ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကိုပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ညွှန်ကြားသူ**
**ဦးဇော်မင်းထွန်း**

**ညွှန်ကြားချက်အရ-**
**ဒေါ်ဟန်နီထွန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၃၆၉)**
**အမှတ်(၆၄၀၊ ခ)၊ သမိန်ဗရမ်းလမ်း၊ ၃၅-ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၅၀၅၄၁၂၆**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ သရေခေတ္တရာ(၂၂)လမ်း၊ မြေကွက်အမှတ်(၇၉၄/က)ဟု ခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၁)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦ၏ (ပထမထပ်) အကျယ်အဝန်း(၁၈ပေx၅၄ပေ)အကျယ်ရှိ တိုက်ခန်းတစ်ခန်းနှင့် ကိုယ်ပိုင်ရေမီးစုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေရှင်နှင့် ကန်ထရိုက်တာ အခန်းပေးအခန်းယူ နှစ်ဦးသဘောတူ ကတိစာချုပ်အရ ကန်ထရိုက်တာများဖြစ်ကြသော ဦးညီညီနိုင်[၁၁/စတန(နိုင်)၀၀၁၈၃၂]နှင့် ဦးကျော်စိုးလင်း[၇/အတန(နိုင်)၀၇၀၆၉၃]တို့က ၎င်းတို့သာလျှင်တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်မဥ္ဇူထိုက်[၉/အမဇ(နိုင်)၀၃၀၈၀၄]က အပြီးအပိုင်ဝယ်ယူမည်ဖြစ်ပါ၍ တိုက်ခန်းတန်ဖိုးငွေ၏ တချို့တစ်ဝက်ကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ် ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မဥ္ဇူထိုက်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်ဝေထွန်း (LL.B) အထက်တန်းရှေ့နေ (စဉ်-၃၇၈၉၄)**
**တိုက်အမှတ်(၉)၊ ပထမထပ်၊ ဝါဝါဝင်းလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉ ၄၂၁၀၉၁၅၈၈၊ ၀၉-၇၅၉၆၉၇၅၉၈**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၇)၊ မြခွာညို(၂)လမ်း၊ မြေကွက်အမှတ်(၇၆၆/ခ)၊ (၂၀ပေx၆၀ပေ)အကျယ်ရှိ ပါမစ်မြေကွက်မှ (ခြေရင်းဘက်)အကျယ်အဝန်း (၁၀ပေx ၆၀ပေ)အကျယ်ရှိ အိမ်ခြံမြေ(မြေကွက်အမှတ်-၇၆၇နှင့် ကပ်လျက် ၁၀ပေx၆၀ပေ အကျယ်ရှိ အိမ်ခြံမြေ)နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများထံမှ ဒေါ်ထက်ထက်မြတ်[၁၂/ဒဂရ(နိုင်)၀၀၇၅၆၈]က ၂၀၂၆ ခုနှစ် ဇူလိုင်လ (၁၉)ရက်နေ့တွင် "နှစ်ဦးသဘောတူ အိမ်ခြံမြေ အပြီးအပိုင် အရောင်းအဝယ် ငွေပေးကတိစာချုပ်" ပြုလုပ်ချုပ်ဆိုကာ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရန်နိုင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၈၄၇)**
**အမှတ်(၄၀၁/၅)၊ ၁၅၄-လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၁၁၁၅၂၈၃**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့ ၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ရွှေကြာပင်)၊ မြေကွက်အမှတ်(A-၀၉၂)၊ ဧရိယာ(၀.၂၂၉)ဧကရှိ ဒေါက်တာမြင့်စိုးဝင်း (ဘ)ဦးဘဟန်[၁၂/အစန(နိုင်)၀၉၂၃၄၁]အမည်ပေါက် ပါမစ်မြေကွက်၏ မြေပေးမိန့်မူရင်း ပျောက်ဆုံးသွားသဖြင့် မြေပေးမိန့် မိတ္တူမှန် ထုတ်ယူခွင့်ပြုပါရန် အမည်ပေါက်သူမှ မြေပေးမိန့်မိတ္တူ၊ ဝန်ခံကတိပြုချက်၊ တရားရုံးကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်(၇၂၈/၂၀၂၆)၊ ရပ်ကွက်နှင့်ရဲစခန်းထောက်ခံချက်၊ ပတ်ဝန်းကျင်သက်သေထွက်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပေးမိန့်မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ရန်အောင်(၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁၄/ချမ်းအေးအနောက်၊ ဦးပိုင်အမှတ်(၃၁က)၊ ဧရိယာ(၀.၁၄၆)ဧကရှိ ဦးညီ(ပါ)၂-ဦးအမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဒေါ်အေးသီတာ[၉/ပမန(နိုင်)၁၉၀၃၀၂]မှ အရောင်းအဝယ်စာချုပ်၊ ပိုင်ဆိုင်ကြောင်းကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး အဆောက်အဦ ဆောက်လုပ်ခွင့်တင်ပြရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၄/တောင်ရပ်ကွက်၊ မြို့မ(၅)လမ်း၊ အမှတ်-၅၁၂(က+ခ)၊ ပထမထပ်(ဝဲဘက်) (၂လွှာ)၊ ခြေရင်းခန်းနှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ တိုက်ခန်းကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူ ဒေါ်ငယ်စိုးကျော်[၉/ပဥလ(နိုင်)၀၁၃၅၂၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ စာချုပ်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးခိုင်ဦးလှိုင် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၆၈၃)**
**အမှတ်(၁၂၂)၊ အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၇၅၆၃၀၀၈၈**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်(၃)၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ မြေကွက်အမှတ်(၆၈)၊ အကျယ်အဝန်း (၂၅ပေx၅၀ပေ)ရှိ၊ နှစ်(၆၀)မြေငှားဂရန်မြေ အမျိုးအစားမြေကွက်ပေါ်တွင် တည်ဆောက်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ၆လွှာ(ပဉ္စမထပ်)ဆောက်လုပ်ဆဲ ခြေရင်းခန်းအား လက်ရောက်ပိုင်ဆိုင်ထား၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုရောင်းချသူ နူရ်မူဟာမတ်(ခ)ဦးအောင်ဌေး[၁၂/စခန(နိုင်)၀၅၈၆၀၅]ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးသောင်းထွဋ်အောင်[၁၂/အလန(နိုင်)၀၄၃၄၁၆]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား (၂၈-၇-၂၀၂၆)ရက်နေ့တွင် စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ဤကြေညာချက်ပါ အရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုသူများရှိပါက ဆိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသောင်းထွဋ်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးမျိုးမြင့်ထွန်း (LL.B, LL.M, PGDCRL) | ဦးဖြိုးနိုင်မင်း (B.A,PGDL) |
| --- | --- |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၂၀၂၀၉) | အထက်တန်းရှေ့နေ(စဉ်-၅၇၀၆၀) |

**အမှတ်(၃၈)၊ မာလာမြိုင်(၄)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၀၁၂၁၀၉၈၄**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/တောင်ရပ်ကွက်၊ ဇေယျဝတီ(၃)လမ်း၊ အမှတ်-၂၁၆၂၊ ဧရိယာ(၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်(၃၀ပေx၆၀ပေ)မြေကွက်ပေါ်တွင် (၆)ထပ်တိုက်၏ မြေညီမှန်ခန်း (၁-လွှာ)၊ ခေါင်းရင်းခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်၏မိတ်ဆွေ ဦးလပြည့်[၁၂/သကတ(နိုင်)၁၆၅၁၃၁]မှ ဥပဒေနှင့်အညီ (ကျေးလက်နှင့်မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဘဏ်လီမိတက်)ထံမှ အိမ်ရာချေးငွေဖြင့် ဝယ်ယူထားသည့် တိုက်ခန်းဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းကို ကျွန်ုပ်မိတ်ဆွေမှ မည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲအပ်ထားခြင်း၊ ပေါင်နှံထားခြင်း၊ မေတ္တာဖြင့်ပေးကမ်းထားခြင်း၊ ရောင်းချထားခြင်းမရှိပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးလပြည့်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဥမ္မာဆွေ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၈၄၁)**
**အမှတ်-၉၄၄၊ ဇဋ္ဌိလ(၂)လမ်း၊ (၁၆/၁)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၅၉၆၅၂၅၃၆**

## အယူခံမှုကို ဆိုင်ရန် ချိန်းဆိုသည့် နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ

## (တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄)

## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

## ၂၀၂၄ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၈၅၇

| | | |
| --- | --- | --- |
| ၁။ ဒေါ်အေးအေး | နှင့် | ဦးထွန်းသာ |
| ၂။ ဦးမြဦး | | ၎င်း၏အခွင့်ရကိုယ်စားလှယ် |
| ၃။ ဦးမင်းမင်းဝင်း | | ဒေါ်မိုးကလျာ) |
| ၄။ ဒေါ်နှင်းနုအေး(ကိုယ်တိုင်နှင့် ၁၊ ၂၊ ၃၊ ၅ တို့၏အခွင့်ရကိုယ်စားလှယ်) | | |
| ၅။ ဒေါ်အေးစန္ဒာထွေး | | |
| **(အယူခံတရားလိုများ)** | | **(အယူခံတရားပြိုင်)** |

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်စွဲပါ သင်္ဃန်းကျွန်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၁၄၀/၂၀၂၂ အမှုတွင် ချမှတ်သောအမိန့်ကို အယူခံမှု။

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်၊ (၈)ရပ်ကွက်၊ ဗိုဇဝါလမ်း၊ (၅)လွှာ၊ အမှတ်-39(A)နေ ဦးထွန်းသာ(၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်မိုးကလျာ) (ယခုနေရပ်လိပ်စာ မသိသူ)သိစေရမည်။

ယခုအမှုတွင် သင်္ဃန်းကျွန်းခရိုင်တရားရုံးတော်မှ ချမှတ်သည့်ဒီကရီကို အယူခံ တရားလိုမှ အယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်(၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်မှ ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကိုအမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ချိန်းထားသည့်အချိန်အတွင်း သင်က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြားအစီရင်ခံစာတင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးသင်းအောင်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်း ဒေသကြီး၊ မြောက်ဥက္ကလာပ မြို့နယ်၊ အခြေခံပညာ အထက်တန်းကျောင်းခွဲ(လ-၃) Grade-9 တန်းနေ မဆုမြတ်သော်၏ ဖခင်အမည်မှန်မှာ ဦးအောင်သူ [၁၂/လမန(နိုင်)၁၄၄၁၃၇] ဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(၉)၊ ဦးပိုင်အမှတ်(၅၅-က)၊ ၅၅x၅၆ကြား၊ ၁၀၃x၁၀၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစိုးသိန်းဟန်၏(SPရရှိသူ ဦးအောင်မြင့်)ထံမှ ပေးကမ်းခြင်းစာချုပ်အမှတ်(၃၁၁၃/၂၀၁၀)ဖြင့် ပေးကမ်းခြင်းကိုလက်ခံခဲ့သောဦးစိုးလှထွေး [၁၃/သပန(နိုင်)၀၀၂၅၄၈]၊ ဒေါ်သန်းညွန့်ဝေ(ခ)နန်းသန်းညွန့်ဝေ[၁၃/မမတ(နိုင်)၀၁၁၈၅၁]တို့က အမှုတွဲအမှတ် (၁၂၁၈/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(ဒ-၂)၊ ဦးပိုင်အမှတ်(၂၄)၊ ၆၅လမ်း၊ ၃၇x၃၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ဒေါ်ခင်စန်းဝင်း ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ် (၂၁၈/၂၀၂၆)ဖြင့် အမွေဆက်ခံခဲ့သော ခင်ပွန်းဖြစ်သူ ဦးသိုက်ထွန်း [၉/စကန(နိုင်)၀၀၁၇၉၈]က အမှုတွဲအမှတ် (၁၂၃၇/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(H)၊ ဦးပိုင်အမှတ်(၁၄၄)၊ ၁၁၀ လမ်း၊ ပရံတော်ချောင်းနှင့် ၅၆ လမ်းကြားရှိ တောဂရန် မြေကွက်အမည်ပေါက်သူ ဒေါ်နွဲ့ကြည်(ခ)နွဲ့ရီ [၉/မရတ(နိုင်)၀၈၀၆၈၉]က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၁၂၂၀/၂၀၂၆-၂၀၂၇)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၆-၆-၂၀၂၆ရက်နေ့ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ-၂၆တွင် ပါရှိသည့် အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်းကြော်ငြာမှ တာချီလိတ်ခရိုင် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရုံးအတွင်း ကျောက်စီမြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်း (ပေ၂၅၀xပေ၃၀x၂ပေ)အစား (ပေ ၂၀၅xပေ ၃၀x ၂ပေ)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ သန့်ဇင်(၄)လမ်း၊ အမှတ်(၁၁၂၇)၊ ယခင်အမှတ်(၃၈)ရှိ (အနံ ၈၀ ပေx အလျား ၂၁ ပေ)မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်အေးမြင့်[၁၂/မရက(နိုင်)၀၅၃၉၆၀]ပါ (၇)ဦးတို့က ပိုင်ဆိုင်လက်ရှိထားကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောအထောက်အထား၊ စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ကြော်ငြာသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဒေါ်အိရွှေစင် (LL.B, DBL, DIL) | ဦးရဲမျိုးမင်းကျော် (LL.B, DBL, DIL) |
| --- | --- |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၇၁၇) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၉၀၀) |

**ရုံးခန်း-အမှတ်(၄၉၃)၊ ဝေဘာဂီလမ်း၊ (ဠ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၇၆၉၀၈၆၉၄၁၊ ၀၉-၂၅၆၀၆၂၉၅၆**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၁၀၇၂)၊ အကျယ်အဝန်း(၂၀x၆၀)ပေရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၅)ရပ်ကွက်၊ ရွှေဘို(၁၃)လမ်း၊ အမှတ်(၁၀၇၂)ဟု ခေါ်တွင်သော (၆)ထပ်တိုက်၏ ပထမထပ်တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းတွင် စွဲကပ်တပ်ဆင်ထားသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဦးထွန်းလင်းအောင်[၁၂/ဥကတ(နိုင်)၁၃၂၃၉၀]ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သော ဒေါ်နေခြည်လင်းကျော်[၁၂/မဂဒ(နိုင်)၁၂၃၂၅၃]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက် (၇)ရက် ကျော်လွန်လျှင် အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအေးချစ် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၅၈)**
**အမှတ်(၅၈)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၀၉၉၄၇၄၊ ၀၉-၇၉၉၉၂၉၆၉၅**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာ၊ Star City အတွင်းရှိ City Loft ဟုခေါ် တွင်သော တိုက်အမှတ်(A1)(ယခင်)(CL1)(ယခု)၊ အခန်းအမှတ်(612)၊ တိုက်အမျိုးအစား(2 Bedroom)၊ ခန့်မှန်းကြမ်းခင်းဧရိယာ(၇၁၀)စတုရန်းပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား တရားဝင်လက် ဝယ်ထားပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်ရှိကြောင်း ဒေါ်အေးအေးပြုံး[၇/ပခန(နိုင်)၁၆၉၁၂၁]မှ ဝန်ခံသဖြင့် ဒေါ်အေးအေးပြုံးထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်အောင် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသက်ပိုင်ထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဲသဲမာ LL.B, D.B.L, D.I.L, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၄၆၀/၂၀၁၇)**
**အမှတ်-၈၂၊ အင်ကြင်းမြိုင်လမ်း၊ (၁၀၅)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်းနံပါတ်-၀၉-၇၉၉၆၈၁၂၁၇**

## တရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်း၊ ကလေးအုပ်ထိန်းခွင့်နှင့် နှစ်ဦးပိုင်ပစ္စည်းများခွဲဝေပြီးစီးကြောင်း အများသိစေရန် ကြေညာခြင်း

ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြသော ဦးနိုးနိုးအောင် (ဘ) ဦးဌေးလွင်[၅/ဆလက(နိုင်)၁၂၄၇၄၁]နှင့် ဒေါ်ခိုင်ရွှေဝင်း (ဘ) ဦးဉာဏ်သိန်း[၅/ဆလက(နိုင်)၀၅၈၅၇၆]တို့သည် (၁၈-၇-၂၀၂၆)ရက်နေ့တွင် နှစ်ဖက်သော ဂုဏ်သရေရှိ အသိသက်သေများ၏ ရှေ့မှောက်တွင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တရားဝင်ကွာရှင်းခဲ့ကြပြီး "အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲခြင်း၊ ကွာရှင်းပြီးနောက် ကလေးအုပ်ထိန်းခွင့်နှင့် ပစ္စည်းခွဲဝေမှုဆိုင်ရာ နှစ်ဦးသဘောတူကတိစာချုပ်"ကို ပြုလုပ်ချုပ်ဆိုပြီးဖြစ်ပါသဖြင့် ဦးနိုးနိုးအောင်နှင့် ဒေါ်ခိုင်ရွှေဝင်းတို့သည် ကွာရှင်းပြီးသည့်အချိန်မှစ၍ ယနေ့အချိန်ထိ တစ်ဦးနှင့်တစ်ဦး ပတ်သက်ဆက်နွှယ်မှု မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးနိုးနိုးအောင်နှင့်ဒေါ်ခိုင်ရွှေဝင်း ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးမွန်အောင်(LL.B, LL.M)၊**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၃၇၂)**
**အမှတ်(၁၀/မြေညီ)၊ ပယင်းလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၉၉၁၁၁၆၄**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၀)၊ ဦးပိုင်အမှတ်(၄၅)၊ ၄၈လမ်း၊ ၁၁၄x၁၁၅လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးလှိုင်မြင့် ၏(SPရရှိသူ ဦးအင်းဖူ)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၉၂၇/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သန်းကြည်[၁၃/နခန(ဧည့်)၀၀၀၁၁၃]က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၁၂၁၇/၂၀၂၆-၂၀၂၇)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

# စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၂၀၂၆ ခုနှစ်၊ ဇွန်လ(၂၉)ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ(၂၇) ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ် ဗိုလ်လောင်း သင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ(၂၀)ရက်နေ့တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ (သို့မဟုတ်) ဝိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၂၀၂၆ ခုနှစ်၊ ဇွန်လ(၂၉)ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ(၂၇) ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာ တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ(၁၉)ရက်နေ့တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

# တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသား/အမျိုးသမီး)ဗိုလ်လောင်းများခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို/အပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) အမြင်အာရုံကြီးမားစွာချို့ယွင်းသူမဖြစ်စေရ။(မျက်မှန်တပ်ဆင်သူများလည်း လျှောက်ထားနိုင်သည်။)

(င) တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၂၀၂၆ ခုနှစ်၊ ဇွန်လ(၂၉)ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၂၆ ခုနှစ်၊ သြဂုတ်လ(၂၇) ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ နှင့် ဓာတုဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ(၁၈)ရက်နေ့တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။ | ❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။ | ❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# တပ်မတော်စစ်ကြောင်းများက ကလေး- တမူးလမ်းကြောင်းပေါ်ရှိ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် တမူးမြို့နယ် ဘုတ်ကန်စံပြကျေးရွာအား ထပ်မံသိမ်းပိုက်ရရှိ

နေပြည်တော် ဇူလိုင် ၂၉

တပ်မတော်စစ်ကြောင်းများအနေဖြင့် ကလေး- တမူး လမ်းကြောင်းအား အမြန်ဆုံးပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးနိုင်ရန် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မြို့/ရွာများအား တစ်ခုပြီးတစ်ခု ပြန်လည်သိမ်းပိုက်ရရှိရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter Terrorism Operation) လုပ်ငန်းများ၊ နယ်မြေလုံခြုံရေးလုပ်ငန်းများကို မနေမနား အားသွန်ခွန်စိုက် သက်စွန့်ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တပ်မတော်စစ်ကြောင်းများသည် စနစ်တကျစုဖွဲ့ပြင်ဆင်ပြီး စစ်ကြောင်းများခွဲ၍ ဟန်ချက်ညီညီဖြင့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ တမူးမြို့ဘက်မှ ချီတက်လာသော တပ်မတော်စစ်ကြောင်းသည် ရန်လင်းဖိုင်ကျေးရွာနှင့် အဆိုပါဒေသတစ်ဝိုက်အထိနှင့် ကလေးမြို့ဘက်မှ ချီတက်လာသော တပ်မတော်စစ်ကြောင်းသည် ကလေး-တမူး လမ်းကြောင်းတစ်လျှောက်ရှိ မြို့၊ ရွာများအား တစ်ခုပြီးတစ်ခု အဆင့်ဆင့်ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး ဇူလိုင် ၂၆ ရက်တွင် ထင်းဇင်ရွာသစ် နှင့် ထင်းဇင်ရွာဟောင်းတို့အား သိမ်းပိုက်ရရှိခဲ့ပြီး ယမန်နေ့ညနေပိုင်းတွင် ထင်းဇင်ရွာ၏မြောက်ဘက် မီတာ ၆၂၀၀ ခန့်အကွာရှိဘုတ်ကန်စံပြကျေးရွာအား ထပ်မံသိမ်းပိုက်ရရှိခဲ့သည်။ စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ☆



တပ်မတော်စစ်ကြောင်းများက ကလေး-တမူး ဆက်သွယ်ရေးလမ်းကြောင်းပေါ်ရှိဘုတ်ကန်စံပြကျေးရွာ ဘုတ်ကန်အမျိုးသမီးရေးရာအဖွဲ့ခွဲရုံးအား ပြန်လည်သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။

## မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် အား/ကာသိပ္ပံအသင်း နိုင်ပွဲရယူပြီး ထိပ်ဆုံးတွင် အမှတ်ဖြတ်ဦးဆောင်



အား/ကာသိပ္ပံအသင်းနှင့် ရန်ကုန်စီးတီးအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

ရန်ကုန် ဇူလိုင် ၂၉

မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်က ကြီးမှူး၍ Max Energy ၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ၂၀၂၆-၂၀၂၇ ရာသီ မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၇) နောက်ဆုံးနေ့ကို ဇူလိုင် ၂၉ ရက်က ဆက်လက်ကျင်းပရာ အား/ကာသိပ္ပံအသင်းနှင့် သစ္စာအားမာန်အသင်းတို့ ဂိုးပြတ် အနိုင်ရခဲ့သည်။

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် အား/ကာသိပ္ပံအသင်းက ရန်ကုန်စီးတီးအသင်းကို ရှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိသည်။ အား/ကာသိပ္ပံအသင်းသည် အဆင့်(၂)နေရာမှ(၅)နေရာအထိ ရပ်တည်နေသည့် စာမျက်နှာ ၁၅ ကော်လံ ၄ သို့ ❖

## မြန်မာ ယူ-၁၉ လူငယ်လက်ရွေးစင်အသင်းဖွဲ့စည်းရန် လူရွေးပွဲနောက်ဆုံးနေ့ကျင်းပ

ရန်ကုန် ဇူလိုင် ၂၉

နိုင်ငံတကာပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၉ လူငယ်လက်ရွေးစင်အသင်းဖွဲ့စည်းရန် လူရွေးပွဲနောက်ဆုံးနေ့ကို ဇူလိုင် ၂၈ ရက် ညနေပိုင်းက သုဝဏ္ဏလေ့ကျင့်ရေးကွင်း၌ ကျင်းပသည်။

စာမျက်နှာ ၁၇ ကော်လံ ၅ သို့ ○



## U-12 Junior Soccer World Challenge 2026 ပြိုင်ပွဲတွင် မြန်မာအသင်း ဂျပန်ကလပ်သုံးသင်းနှင့် တစ်အုပ်စုတည်းကျရောက်

ရန်ကုန် ဇူလိုင် ၂၉

ဩဂုတ်လအတွင်း ဂျပန်နိုင်ငံ၌ကျင်းပမည့် U-12 Junior Soccer World Challenge 2026 ပြိုင်ပွဲ အုပ်စုမဲခွဲရာတွင် မြန်မာအသင်းသည် ဂျပန်ကလပ်သုံးသင်းနှင့် တစ်အုပ်စုတည်း ကျရောက်ခဲ့သည်။

### ယှဉ်ပြိုင်လျက်ရှိ

ယင်းပြိုင်ပွဲတွင် အိမ်ရှင်ဂျပန်နိုင်ငံမှ ကလပ်အသင်းများ၏ လူငယ်အသင်းများ၊ ဥရောပ၊ အာရှနှင့် အခြားနိုင်ငံများမှ လူငယ်အသင်းများ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး မြန်မာ ယူ-၁၂ အသင်းမှာလည်း ယခုနောက်ပိုင်းနှစ်များတွင် နှစ်စဉ်ယှဉ်ပြိုင်လျက်ရှိသည်။

ယခုပြိုင်ပွဲအတွက် အုပ်စုမဲခွဲရာတွင် မြန်မာအသင်းသည် အုပ်စု (I) တွင် ဂျပန်ကလပ်အသင်းများ၏ လူငယ်အသင်းများနှင့်ကျရောက်နေပြီး အူရာဝါဝတ်ဒိုင်းမွန်းလူငယ် အသင်း၊ လီဘာတာဖူကူကာ ယူ-၁၂ အသင်း၊ ဘယ်မဲလ်လူငယ်အသင်းတို့နှင့် ပါဝင်နေသည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် စာမျက်နှာ ၁၄ ကော်လံ ၅ သို့ ❂



**ယနေ့ ဖတ်စရာ**

ဂျပန်နိုင်ငံရှိ အေရှန်ဈေးဝယ်စင်တာတွင် လျှင်လှုပ်ခတ်ပြီး ပေါက်ကွဲမှုဖြစ် စာမျက်နှာ » ၁၃

မရမ်းကုန်းမြို့နယ်၌ ငွေကျပ်သိန်း ၃၈၀၀ တန်ဖိုး၊ မရမ်းကုန်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)နှင့် သန်လျင်မြို့နယ်တို့၌ ငွေကျပ် ၂၄၈၈ သိန်း တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ စာမျက်နှာ » ၁၄

လူတိုင်းအတွက်ပညာရေး ဝိုင်းကူလို့ပေး ဆောင်းပါး စာမျက်နှာ » ၁၆